# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂၅)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မန္တလေးတိုင်း မြင်းခြံခရိုင်ရှိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လှည့်လည်ကြည့်ရှုစစ်ဆေးမှာကြား

**ဆီမီးခုံ(၂) တိုးချဲ့မြစ်ရေတင်စီမံကိန်း**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြင်းခြံမြို့နယ် ဆီမီးခုံ(၂) တိုးချဲ့မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့နယ် ဆီမီးခုံစံပြကျေးရွာရှိ ဆီမီးခုံ(၂) တိုးချဲ့မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ မြစ်ရေတင်စခန်းများမှ ပင်မမြောင်းအတွင်း ရေပေးသွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါန်းဇွန်မြို့နယ် ငါန်းမြာကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်း အမှတ်(၁) ရေတင်စခန်း၌ ပင်မရေသွင်းမြောင်းအတွင်းသို့ ရေပို့လွှတ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

*စာမျက်နှာ ၈ ကော်လံ ၅* ✱

**မိုးတွေ့ရှာခွေ** ၁–၂–၂၀၀၈

| | |
|---|---|
| သိမ်ဇရပ် | ၂ ဒသမ ၀၁ လက်မ |
| ပုသိမ် | ၀ ဒသမ ၉၈ လက်မ |
| ရွှေကျင် | ၀ ဒသမ ၉၀ လက်မ |
| ဇောင်းတူ | ၀ ဒသမ ၇၈ လက်မ |
| ဟင်္သာတ | ၀ ဒသမ ၇၄ လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | ၀ ဒသမ ၃၉ လက်မ |

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကဒပ္ပနရေထိန်းတံခါးတည်ဆောက်ရေး ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားဖြူ ကဒပ္ပနစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်၍ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကဒပ္ပနရေထိန်းတံခါးတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ကဒပ္ပနစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါစံပြကျေးရွာ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စံပြကျေးရွာ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၈ ကော်လံ ၄* ❐

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကျောက်တန်းမြို့နယ် ကဒပ္ပနစံပြကျေးရွာ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်)

# နိုင်ငံတစ်ဝန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး တိုင်းရင်းသားပြည်သူများ နိုင်ငံချစ်စိတ်ဖြင့် ဆောင်ရွက်

ပြည်သူများ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံမြင့်မားလာမှုများနှင့်အတူ နယ်စပ်အစွန်အဖျား ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း နယ်မြေဒေသအစိတ်အပိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

နိုင်ငံတော်က သံလွင်အရှေ့ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျိုင်းတုံမြို့ကိုမဏ္ဍိုင်ပြုပြီး စနစ်တကျ စီမံဆောင်ရွက်ပေးလျက် ရှိသည်။

ဒေသခံလူငယ်လူရွယ်များ အဆင့်မြင့်ပညာသင်ယူနိုင်ရေးအတွက် တက္ကသိုလ်အဆင့်တိုးမြှင့်ပြီး သင်ကြားမှု၊ သင်ယူမှု အထောက်အကူ ပစ္စည်းများကို စီမံဖြည့်ဆည်းပေးလျက် ရှိသည်။

ဒေသတွင်းရှိ လူငယ်လူရွယ်များ ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကြိုးစားအားထုတ်မှုတို့ကို ဖော်ထုတ်ပြီး ပညာရပ်အလိုက် ဖွံ့ဖြိုးတိုးတက်လာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့အတွက် သင်ကြားပျိုးထောင်နေခြင်းပင် ဖြစ်သည်။

ဆရာ ဆရာမများက မိမိတို့၏တပည့်များအား နိုင်ငံနှင့်လူမျိုးအတွက် စွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်စေရေး စေတနာကောင်းဖြင့် သွန်သင်ဆုံးမ ပျိုးထောင်ပေးကြရမည် ဖြစ်သည်။

ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေးဌာနခွဲများကို တည်ဆောက်ပေးထားသည့်အပြင် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

ထို့အပြင် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကို စီမံဖြည့်ဆည်းပေးထားပြီးဖြစ်ရာ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက စေတနာရှေ့ထားပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကို ပြုစုစောင့်ရှောက်ပေးကြရမည် ဖြစ်သည်။

ဒေသခံတိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးစေပြီး ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ပြည့်စုံရေးအတွက် ဖြန့်ဝေကာ အချိန်ရာသီအလိုက် စနစ်တကျ နေထိုင်စားသောက်ရေး ပညာပေးမှုများ ထိရောက်စွာ ဆောင်ရွက်ကြရမည် ဖြစ်သည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတစ်ဝန်း ပိုမိုဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ကျောက်မြောင်းလမ်း အမှတ် (၄၆)A-2 နေ ဖခင်ကြီးဦးအုန်းရွှေအား အမှူးထား၍ မိခင်ဒေါ်ခင်မြင့်၊ သား ကိုခင်ဇော်မိုး၊မခင်မာလွင်၊ မဝင်းဝင်းမော်၊ ကိုတင်ဇော်မိုး၊ မြေး ဟိန်းထက်အောင်၊ မင်းခန့်စည်သူ၊ သဲသဲမိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်းထွန်းနှင့် ဦးအုန်းကြိုင်တို့က လက်ခံယူသည်။ **(အောက်ပုံ)**

အလှူရှင်များ စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

၂-၂-၂၀၀၈ (စနေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၅ | ၄။ | ကျန်းမာသုတ |
| ၁၂:၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **နတ်သမီးထောင်ချောက်** လူမင်း၊ အိန္ဒြာကျော်ဇင်၊ မေသဥ္ဇာဦး |
| ၁၃:၅၀ | ၆။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄:၂၀ | ၄။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၄:၃၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၄:၄၅ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၇။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၁။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၆:၄၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၆၈) |
| ၈:၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | လူရွှင်တော်ရွှေဖလား |
| | ၁၈။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၂) |

## ပင်လုံမြို့ မဟာရဇ္ဇာဘိသာမဂ္ဂီစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

လွိုင်လင်ခရိုင် ပင်လုံမြို့ ဝိကာသိနီကုန်းတော်ပြင်၌ တည်ရှိသော မဟာရဇ္ဇာဘိသာမဂ္ဂီစေတီတော်၏ ဒုတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ၂၀ရက်မှ၂၁ရက် (တပို့တွဲလဆန်း ၁၄ရက်မှ တပို့တွဲလပြည့်နေ့) အထိ ကျင်းပမည်ဖြစ်သည်။ ဒုတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တပို့တွဲလပြည့်နေ့ မွန်းလွဲ၁နာရီ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်များ လာရောက်ပူဇော်လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း-၀၈၁-၃၀၄၉၇၊၃၀၂၃၀၊ ၃၀၂၀၃နှင့် ၃၀၁၉၆တို့သို့ ဆက်သွယ်နိုင်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီက ဖိတ်ကြားနိုးဆော်ထားသည်။

**(မြို့နယ် ပြန်/ဆက်)**

## မေတ္တာအေး ဆရာတော် ဖေဖော်ဝါရီလ ဓမ္မခရီးစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မေတ္တာအေးဆရာတော်သည် ဖေဖော်ဝါရီ၁ရက်နှင့်၂ရက်တွင်မြောင်းမြမြို့နယ် ကွယ်လွယ်ရွာ ဘုရားကြီးကုန်း ဓမ္မသဘင်၊ ၃ရက်တွင် သုံးခွမြို့နယ် တောစွန်းကျေးရွာ ဓမ္မသဘင်၊ ၄ရက်တွင် ပဲခူးမြို့ ရှင်စောပုလမ်း ဓမ္မသဘင်၊ ၅ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် မလွန်ဆန်လှူအသင်း ဓမ္မသဘင်၊ ၆ရက်တွင် ပဲခူးတိုင်း ပျဉ်ပုံကြီးကျေးရွာ စွယ်တော်ကျောင်းတိုက် ဓမ္မသဘင်၊ ၈ရက်တွင်(တောင်ဒဂုံ) ဆိပ်ကမ်းမြို့နယ် (၆၉)ရပ်ကွက် သိဒ္ဓိအောင်ကျောင်းတိုက် ဓမ္မသဘင်၊ ၁၀ရက်နှင့် ၁၁ရက်တို့တွင် စစ်ကိုင်းတိုင်း ရေဦးမြို့နယ် ဝဲကြီးကျေးရွာဓမ္မသဘင်၊ ၁၂ရက်တွင် မကွေးတိုင်း ပွင့်ဖြူမြို့နယ် အမေထွားနှင့်သားများ ရှင်ပြုအလှူတော်ဓမ္မသဘင်၊ ၁၃ရက်တွင် သာကေတမြို့နယ် (၄) ရပ်ကွက် ဆုတောင်းပြည့် မြစေတီ ဘုရားပွဲ ဓမ္မသဘင်၊ ၁၄ရက်နှင့်၁၅ရက်တို့တွင် ပန်းတနော်မြို့ မြတောင်ကျောင်းတိုက် ဓမ္မသဘင်၊ ၁၇ရက်တွင် မကွေးတိုင်း မြို့သစ်မြို့နယ် မန်ကျည်းကုန်းကြီးရွာ ဓမ္မသဘင်၊ ၁၈ရက်တွင် နတ်မောက်မြို့ ဘုရားကြီးကျောင်းတိုက် ဓမ္မသဘင်၊ ၁၉ရက်တွင် အင်းစိန်မြို့နယ် ရွာမရပ် အောင်သိဒ္ဓိကျောင်းတိုက် ဓမ္မသဘင်၊ ၂၀ရက်တွင် မရမ်းကုန်း မြို့နယ် အမှတ် (၃)ရပ်ကွက် ဒက္ခိဏာရုံ ကျောင်းတိုက် ဓမ္မသဘင်၊ ၂၁ရက်နှင့် ၂၂ရက်တို့တွင် ပုသိမ်မြို့ ကြို့တံတားထိပ် ကမ်းနီရွာ ဓမ္မသဘင်၊ ၂၄ရက်တွင် တောင်စွန်းမြို့ ပေါက်တောကျေးရွာ ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲ ဓမ္မသဘင်၊ ၂၅ရက်တွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက် ဦးအေးလမ်းဓမ္မသဘင် တို့၌ ညစဉ် ၇နာရီမှစ၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

## ပေးအပ် လှူဒါန်း

**Hub Line Shipping Co.**မှ ကပ္ပတိန်ဦးမောင်မောင်နှင့် အရာရှိ အင်ဂျင်နီယာသင်္ဘောသားများက ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ဆယ်သိန်းနှစ်သောင်းငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အမှတ်(၉၃)စီ သံလွင်လမ်း (၁၀) ရပ်ကွက် ကမာရွတ် မြို့နယ်နေ ဦးကျော်ခင်-ဒေါ်ဝေဝေရီ (အိုလံပစ်လက်ဖက်ခြောက် မိသားစု)၏(၃၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ် အလှူအဖြစ် ဗဟန်း မြို့ နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်၃၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။

(က-ပ)

## မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ရွှေရတုအကြိုပူဇော်ပွဲနှင့် တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး စီမံအုပ်ချုပ်တော်မူလျက်ရှိသော ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် စာသင်တိုက်တည် ရွှေရတုအကြို (၄၉)နှစ်ပြည့် စာအောင်သံဃာပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ကုသိုလ်ရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဝေယျာဝစ္စအဖွဲ့ကဖိတ်ကြားထားပြီး အောင်ပွဲညတရားပွဲအဖြစ် ဖေဖော်ဝါရီ၄ရက်၊ ၅ရက်နှင့် ၆ရက် သုံးညတိုင်တိုင် ညစဉ်၇နာရီတွင် ဓမ္မကထိကဆရာတော်သုံးပါးတို့က တရားတော်များဟောကြား ချီးမြှင့်ကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## ပထမအကြိမ် ထေရဝါဒအထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပထမအကြိမ် ထေရဝါဒအထူးတရားပွဲတွင် ဖေဖော်ဝါရီ၃ရက်၌ အရှင်ခေမိန္ဒ(စစ်ကိုင်းခင်မကန်)၊ ၄ရက်တွင် ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း)နှင့် ၅ရက်တွင် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ) ဆရာတော်တို့က ညစဉ် ၇နာရီမှစ၍ စက်မှုရတနာလမ်းမကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးကာ၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မပွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟသာ်ဆရာတော်ဘုရားကြီး)

## ကြည့်ရှုစစ်ဆေး

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ခ)အဆင့် မန္တလေးတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(စွမ်းအင်)

## ဝိသုဒ္ဓိတရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ၏ ဥပနိဿယအတိုင်း ဝိသုဒ္ဓိတရားစခန်းပွဲကို ဖေဖော်ဝါရီ ၁၈ရက်မှ ၂၄ရက်အထိ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တရားစခန်းဝင်ရောက်လိုသော သံဃာတော်၊ သီလရှင်၊ ယောဂီအပေါင်းတို့သည် ဖေဖော်ဝါရီ ၁၇ရက်အရောက် မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းသို့ ကြွရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး စက်သုံးဆီအရောင်းဆိုင်များစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇန်နဝါရီ ၂၉ရက်တွင် ရွှေဘိုမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၄၈)နှင့် စစ်ကိုင်းမြို့ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၂၂)နှင့် (၀၆၄၂)တို့သို့ သွားရောက်၍ ဆိုင်လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုနှင့် စက်သုံးဆီဖြန့်ဖြူးရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၃၀ရက်တွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ ပင်မရေနံသိုလှောင် ဖြန့်ဖြူးရေးဌာနကြီး (ခ)အဆင့် (မန္တလေး)သို့ သွားရောက်ရာ ရိပ်သာရှင်းလင်းဆောင်တွင် မန်နေဂျာ ဦးခင်မောင်ဝင်းက ဝန်ထမ်းလုံခြုံရေး၊ ပစ္စည်းလုံခြုံရေး၊ မီးဘေးလုံခြုံရေးများ ဆောင်ရွက်ထားရှိမှု၊ သိုလှောင်ကန်သစ် တည်ဆောက်မှု၊ စက်သုံးဆီများရောက်ရှိ သိုလှောင်ဖြန့်ဖြူးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး ဌာနအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ တိုင်းရောင်းဝယ်ရေးအရာရှိရုံး(က)၊ စက်သုံးဆီဆိုင်အမှတ်(၀၆၁၄)၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်(၀၀၁)၊မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်(ပလိပ်)နှင့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လူ၊ ပစ္စည်းလုံခြုံရေး၊ မီးဘေးလုံခြုံရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်/ချုပ် အခြေခံပညာကျောင်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇန်နဝါရီ ၂၉ရက်မှ ၃၁ရက်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ကြည့်ရှုစစ်ဆေးသည်။

### တွေ့ဆုံ

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ၂၉ရက်တွင် အခြေခံပညာအထက်တန်းကျောင်း ရွာငံ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ မြိုင်နှင့် ယကြီးတို့ကိုလည်းကောင်း၊ ဇန်နဝါရီ ၃၀ရက်တွင် ဖယ်ခုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ ရွှေပြည်အေး၊ အခြေခံပညာအထက်တန်းကျောင်း ဖယ်ခုံ၊ အခြေခံပညာအလယ်တန်းကျောင်း ဝါရီကော့ခူနှင့် နွားလဝိုး၊ အခြေခံပညာမူလတန်းလွန်ကျောင်းကုန်းသာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ကယားပြည်နယ် ပြည်နယ်ပညာရေးမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံး၊ လွိုင်ကော်မြို့ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)နှင့် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ပန်ကန်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ဒေါဥခူ၊ အခြေခံပညာ မူလတန်းကျောင်း ဓမ္မာရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လွိုင်ကော်မြို့အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၌ ကယားပြည်နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ လွိုင်ကော်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဇန်နဝါရီ ၃၁ရက်တွင် ပင်လောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ ဆောင်းပြောင်း၊ အခြေခံပညာအထက်တန်းကျောင်း ပင်ခွန်၊ အခြေခံပညာအထက်တန်းကျောင်း ပင်လောင်း၊ အခြေခံပညာအထက်တန်းကျောင်း တီကျစ်၊ အခြေခံပညာအထက်တန်းကျောင်း နန်းတိုင်းကလော၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကလောတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါခရီးစဉ်အတွင်း အခြေခံပညာ အထက်တန်းကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးစီမံချက်ပါလုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ထားနိုင်မှု အခြေအနေများကို တစ်ကျောင်းချင်းအလိုက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မော်တော်ယာဉ် တာယာအရောင်းပြခန်းဆိုင်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁

Tri Star General Trading Company Limited မော်တော်ယာဉ် တာယာအရောင်းပြခန်း ဆိုင်ဖွင့်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် နေပြည်တော် သပြေကုန်းဈေး ဆိုင်အမှတ်(ရ) ၆၈-၆၉ ရှိ အဆိုပါဆိုင်ရှေ့၌ ကျင်းပရာ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဆိုင်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်၊ ဒါရိုက်တာများဖြစ်ကြသော ဦးမျိုးဝင်း၊ ဦးလှနိုင်နှင့် ဖိတ်ကြားထားသူများနှင့်အတူ ဆိုင်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

### ဖွင့်လှစ်ရောင်းချ

အဆိုပါ Tri Star မော်တော်ယာဉ်တာယာဆိုင်ကို ရန်ကုန်မြို့ ဘုရင့်နောင်ဈေးနှင့် မြေနီကုန်းတို့တွင် ဖွင့်လှစ်ထားပြီး နေပြည်တော်ရှိ ဝန်ကြီးဌာနများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လွယ်ကူချောမွေ့စွာ အသုံးပြုနိုင်ရန်ရည်ရွယ်၍ ယခု နေပြည်တော်ရှိ သပြေကုန်းဈေး၌ ပထမဦးဆုံး စတင်ဖွင့်လှစ်ရောင်းချခြင်းဖြစ်သည်။

အဆိုပါဆိုင်တွင် Falken Brand (Japan), Achilles, Corsa နှင့် Strada (Indonesia), Sumo Brand (China, Thailand), Aeolus နှင့် Henan (China) အမျိုးအစား မော်တော်ယာဉ်ငယ်၊ မော်တော်ယာဉ်ကြီးနှင့် ယန္တရားယာဉ်များ၏ တာယာအမျိုးမျိုး၊ (4x4) မော်တော်ယာဉ်သုံး တာယာအမျိုးမျိုး၊ Butyle Inner Tube (Korea) ဆိုက်အမျိုးမျိုးတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည့်အပြင် ဝန်ဆောင်မှုအနေဖြင့် တာယာဖြုတ်ခြင်းနှင့် တပ်ခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

### ဆက်သွယ်စုံစမ်း

အထက်ပါ တာယာအမျိုးမျိုးကို ပင်ရင်းကုမ္ပဏီမှ Tri Star General Trading Co.,Ltd. က မြန်မာနိုင်ငံ၌ တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားခြင်းဖြစ်ပြီး တာယာအမျိုးမျိုးကို ဝယ်ယူလိုပါက ဆိုင်အမှတ်(ရ) ၆၈-၆၉ သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၇၁၈ သို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**Tri Star General Trading Company Limited မော်တော်ယာဉ် တာယာအရောင်းပြခန်းတွင် ရောင်းချမည့်ပစ္စည်းများကို တွေ့ရစဉ်။** (သတင်းစဉ်)

# အယ်လ်ခိုင်ဒါ ထိပ်တန်းခေါင်းဆောင် အယ်လ်လီဘီ အာဖဂန်၌ သေဆုံး

**ကဘူးလ် ဖေဖော်ဝါရီ ၁**

အာဖဂန်နစ္စတန်၌ အယ်လ်ခိုင်ဒါ ထိပ်တန်းခေါင်းဆောင် အယ်လ်လီဘီ **(အောက်ပုံ)** အသတ်ခံခဲ့ရကြောင်း အကြမ်းဖက်မှု တိုက်ဖျက်ရေး တာဝန်ရှိသူများက ပြောကြားသည်။

**ထွက်ပေါ်လာ**

လီဘီသေဆုံးသည့် သတင်းမှာ အစ္စလမ္မစ်အဖွဲ့အသုံးပြုသော ဝက်ဘ်

ဆိုက်ပေါ်တွင် ပထမဆုံးထွက်ပေါ်လာသည်။

**ထောက်လှမ်း**

အဆိုပါ အယ်လ်ခိုင်ဒါ ထိပ်တန်းခေါင်းဆောင်သည် ယခုသီတင်းပတ်တွင် အာဖဂန်-ပါကစ္စတန်နယ်စပ်၌ သေဆုံးခဲ့ရခြင်းနှင့် ပတ်သက်ပြီး အမေရိကန်ထောက်လှမ်းရေးအေဂျင်စီက စုံစမ်းထောက်လှမ်းလျက်ရှိသည်။

**သေဆုံး**

ပါကစ္စတန်မြောက်ပိုင်း ဝါဇီရီစတန်ဒေသ၌ ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့၍ စစ်သွေးကြွ ၁၂ ဦးသေဆုံးခဲ့သည်ဟု ဆိုသည်။

**တိုက်ဖျက်**

လီဘီသည် သေဆုံးပြီဟု ဆိုသော်လည်း မည်သို့သေဆုံးသည်ကို မသိရသေးကြောင်း ပါကစ္စတန်အနောက်ပိုင်း အကြမ်းဖက်တိုက်ဖျက်ရေးတာဝန်ရှိသူများက ပြောကြားသည်။

**ထိပ်တန်းပုဂ္ဂိုလ်**

အယ်လ်ခိုင်ဒါ ဗီဒီယို မှတ်တမ်းများတွင် လီဘီသည် အာဖဂန်ရှိ အယ်လ်ခိုင်ဒါအဖွဲ့၌ ထိပ်တန်းပုဂ္ဂိုလ်ဖြစ်သည်ဟု ဆိုသည်။

**(အင်တာနက်)**

# တောင်ကိုရီးယား ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီ ကမ္ဘာတွင် ရုပ်သံပြစက်အများဆုံး ရောင်းချ

ဆိုးလ် ဖေဖော်ဝါရီ ၁

**တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံး အီလက်ထရွန်နစ်ကုမ္ပဏီဖြစ်သည့် ဆမ်ဆောင်းကုမ္ပဏီသည် ၂၀၀၇ ခုနှစ်အတွင်း အယ်လ်ဒီစီ(ရုပ်သံပြစက်)**(အပေါ်ပုံ)**ကမ္ဘာ့အရောင်းရဆုံးကုမ္ပဏီအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၂၉ ရက်က စက်မှုအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။**

ဆမ်ဆောင်း အီလက်ထရွန်နစ်ကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်က အယ်လ်ဒီစီ(ရုပ်သံပြစက်)ရောင်းချရမှုမှာ အမေရိကန်ဒေါ်လာ ၁၈ဒသမ၅၉ဘီလီယံဖိုးရှိကြောင်း ဆမ်ဆောင်းကုမ္ပဏီနှင့် တစ်မြို့တည်းတည်ရှိသော အယ်လ်ဂျီဖီးလစ်ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၉ ဘီလီယံဖိုး ရောင်းချရကြောင်း ဆမ်ဆောင်းမှထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

**ထုတ်လုပ်**

အဆိုပါ တောင်ကိုရီးယားနိုင်ငံအခြေစိုက် ကုမ္ပဏီနှစ်ခု၏ အယ်လ်ဒီစီရောင်းချရမှု စုစုပေါင်းတန်ဖိုးသည် တရုတ်(တိုင်ပေ)မှ ကုမ္ပဏီကြီးငါးခုက ထုတ်လုပ်ရောင်းချသော အယ်လ်ဒီစီ ရောင်းချရမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၂ဒသမ၉၄ ဘီလီယံဖိုးထက် ကျော်လွန်ခဲ့ကြောင်း ၎င်းအစီရင်ခံစာတွင် ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

**မောင်မောင်မြင့်ဆွေ**

## ဆေးလိပ်တိုကို အမှုမဲ့ အမှတ်မဲ့ လွှင့်ပစ်ပါလျှင်

**ပီရူးနိုင်ငံ လီမာမြို့တွင် ဇန်နဝါရီ ၃၁ ရက်က အထည်ချုပ်စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု လီမာမြို့ မီးသတ်တပ်ဖွဲ့က ပြောကြားသည်။**

ဖြစ်ပွား

**အခင်းဖြစ်ပွားမှုမှာ အဆိုပါစက်ရုံမှ ဝန်ထမ်းတစ်ဦးက စည်းကမ်းတင်းကျပ်ထားသည့်ကြားမှ ဆေးလိပ်ခိုးသောက်ပြီး ဆေးလိပ်တိုကို အထည်ပုံများအကြား ထားခဲ့ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားကာ လူသေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။**

လွှင့်ပစ်

**ဆေးလိပ်တိုကို အမှုမဲ့အမှတ်မဲ့ လွှင့်ပစ်ခဲ့မှုကြောင့် အသက်သေဆုံးမှုနှင့် ပစ္စည်းဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်မှာ သတိပြုဖွယ်ရာပင် . . .။**

## အရက်မူးပြီး ကားမောင်းလျှင်

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် ဇန်နဝါရီ ၃၁ ရက်က မော်တော်ကားကို မဆင်မခြင် မောင်းနှင်ခဲ့မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားရာမှ လူငယ်သုံးဦးသေဆုံးခဲ့သည်။

**သေဆုံး**

အသက် ၁၉ နှစ်အရွယ် ရီရိုဒီသည်သူ၏ ၁၉နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သူငယ်ချင်းနှစ်ဦးနှင့်အတူ စားသောက်ဆိုင်တွင် အရက်သောက်သုံးခဲ့ပြီးနောက် အပြန်ခရီးတွင် မော်တော်ကား အရှိန်ပြင်းစွာ မောင်းနှင်ခဲ့ရာမှ လမ်းဘေးသစ်ပင်နှင့် ဝင်တိုက်မိခဲ့၍ လူငယ်သုံးဦးစလုံး ပွဲချင်းပြီး သေဆုံးခဲ့ရသည်။

**မောင်းနှင်**

လူငယ်များ အရက်သောက်သုံးပြီး မော်တော်ကားကို မဆင်မခြင် မောင်းနှင်ခဲ့လျှင် အန္တရာယ်များပြီး အသက်သေဆုံးနိုင်သည်မှာ သင်ခန်းစာယူဖွယ်ရာပင် . . .။

# မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

## မုန်းပင်စိုက် မုန်းမိုးရွာလေသောအခါ

စတုတ်ခ်မြို့ကလေးသည် အင်္ဂလန်နိုင်ငံ စတက်ဖို့ဒ်ရှိုင်းယားနယ်မြောက်ပိုင်းတွင် တည်ရှိသော လူဦးရေ သုံးသိန်းကျော် နေထိုင်သည့်မြို့လေးဖြစ်သည်။ မြို့ငယ်ဖြစ်သဖြင့် မြို့ကြီးများကဲ့သို့ ရှုပ်ထွေးမွန်းကျပ်မှုမရှိ။ သာယာအေးချမ်းသော မြို့ကလေးဖြစ်သည်။

**ဖူးစာဆုံ**

စတုတ်ခ်မြို့တွင် မောရစ်နှင့် အန်နက်တီတို့သည် တစ်ဦးတည်းသောသားဖြစ်သူ လီနှင့် မိသားစုပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။ လီကို ၁၉၇၀ ပြည့်နှစ်က မွေးဖွားခဲ့သည်။ ထို့ကြောင့် ယခုအချိန်တွင် ဖခင်မောရစ်က (၆၄)နှစ်အရွယ်ရှိပြီး မိခင်အန်နက်တီက (၅၄)နှစ်အရွယ်ရှိကာ လီသည်ပင် (၃၈)နှစ်အရွယ်ရောက်နေခဲ့ပေပြီ။ လီသည် ၁၉၉၈ခုနှစ် (၂၈)နှစ် အရွယ်က သူ့ထက် (၁၀)နှစ်ငယ်သော အသက်(၁၈)နှစ် အရွယ်ရှိကိတ်နိုက်ဆိုသူ မိန်းမချောကလေးနှင့် ဖူးစာဆုံခဲ့လေသည်။

**သာယာချမ်းမြေ့**

လီသည် ကုမ္ပဏီကြီးတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ရာ သူ၏ကြိုးစားမှုကြောင့် ရာထူးအဆင့်ဆင့် တိုးတက်ခဲ့သည်။ သူတို့နှစ်ဦး လက်ထပ်ပြီးသည်နှင့် သားသမီးယူခဲ့ရာ တစ်နှစ်အကြာတွင် သားကလေးဂျက်ကို မွေးဖွားခဲ့လေသည်။ သူတို့ အိမ်ထောင်သက်တမ်း ကိုးနှစ်အထိ ပြဿနာတစ်စုံတစ်ရာ ကြီးကြီးမားမား မရှိခဲ့ပေ။ သူတို့၏ဘဝမှာ သာယာချမ်းမြေ့ခဲ့သည်။

လီ၏ အလုပ်ကြိုးစားမှုကြောင့်အသက်အာမခံအဖြစ် ပေါင် ၁၃၀၀၀၀ ကို ထားနိုင်ခဲ့သည်။ မိသားစု၏ ရှေ့ရေးအတွက်လည်း တစ်ပတ်လျှင် နာရီ ၂၀ အချိန်ပိုလုပ်ကိုင်ခဲ့သည်။ ပြီးတော့ ဇနီးချောအလှ ကိတ်ကလည်း သူအလုပ်ပြန်သည့် ညနေတိုင်း ဝိုင်ချိုတစ်ခွက်ကို လက်ကမ်းပြီး ပြုစုနေသည့်အတွက် လီအနေဖြင့် ပန်းခင်းသောလမ်းကိုလျှောက်ပြီး သီရိဂေဟာကလေးသို့ ပြန်လာရသည်နှယ်ပင် ခံစားခဲ့ရသည်။ ယင်းဝိုင်ချိုသည် သူ့အတွက် ဓားသွားထက်ကပျားရည်စက်သဖွယ်ဖြစ်သည်ကို ရိုးသားလွန်း၊ ဖြူစင်လွန်းပြီး ဇနီးသည်အပေါ်ယုံကြည်လွန်းသော လီခမျာမသိနိုင်ရှာခဲ့ပေ။ လီသည် အရင် ဝိုင်ကို သောက်လေ့သောက်ထ မရှိသော်လည်း ၂၀၀၇ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ချစ်ဇနီး၏ ပြုစုမှုကြောင့်သာ သောက်သုံးခဲ့ခြင်းဖြစ်သည်။

**ခြောက်လှန့်နေ**

ယခုတော့ လီ၏ပျော်ရွှင်စရာ သုခဘုံကလေး ကွယ်ပျောက်ပြီး ကမ္ဘာပျက်သလိုခံစားခဲ့ရပြီ။ သူ၏ဘဝသည်လည်း ရှင်လျက်နှင့်သေသူလိုမျက်စိကွယ်၊ နားပင်း၊ အာရုံကြောများ ပျက်စီးကာ သွက်ချာပါဒရောဂါဝေဒနာကို ခံစားနေရသည်။ သူ၏ ချောမော ခံ့ညားသော မျက်နှာအသွင်အပြင်သည်လည်း သူမှဟုတ်ပါလေစဟု ထင်မှတ်ရလောက်အောင် ပျောက်ကွယ်သွားပြီး အဘိုးကြီးတစ်ဦးအသွင် ဖြစ်သွားလေသည်။ အဆိုးဆုံးမှာ လီအဖို့ သူ၏ သားကလေး ဂျက်ကို မမြင်မတွေ့နိုင်တော့အောင် အမြင်အာရုံချို့တဲ့ကာ မျက်စိကွယ်သွားခြင်းက သူ့ဘဝကိုယ်သူ ယူကျုံးမရဖြစ်ကာ ဝမ်းနည်း အကြေကွဲရဆုံးဖြစ်ခဲ့သည်။ ပြီးတော့ သူချစ်ရသော ဇနီးသည်က ရလိုမှုတစ်ခုဖြင့် သူ့အပေါ် ဘဝတစ်လျှောက်လုံး လူဖြစ်ရှုံးအောင် ညှဉ်းပန်းနှိပ်စက်ခဲ့ခြင်းကို စိတ်ထဲတွင် အနာကြည်းဆုံးဖြစ်သည်။ ဇနီးကို အချစ်ဆုံးသူအဖြစ်မှ အမုန်းဆုံးသူအဖြစ် စာရင်းသွင်းလိုက်မိတော့သည်။ ဖွတ်အတင်း မေ့ဖျောက်ထားကာမှ အတိတ်၏အရိပ်မည်းက သူ၏စိတ်အာရုံကို ခြောက်လှန့်နေပြန်တော့သည်။ လုပ်ရက်ပါပေ့ ကိတ်ရယ်။

**လီနှင့်ကိတ်နိုက်တို့ ဇနီးမောင်နှံ။**

လွန်ခဲ့သော ၁၉၉၈ ခုနှစ်ဆီက သူကိတ်နိုက်ကိုအရှုးအမူးစွဲလမ်းကာလက်ထပ်ယူခဲ့သည်။ သူချစ်သလို သူ့အပေါ်တွင် ချစ်မည်ဟုယုံကြည်ခဲ့သည်။ ထိုသို့ ယုံကြည်မှုကြောင့်ပင် လီ၏ဘဝတွင် မမျှော်မှန်းနိုင်လောက်အောင် ဆိုးရွားသော ကံဆိုးမိုးမှောင်ကျမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

**သေကြောင်းကြံ**

လီအနေဖြင့် ကိတ်တိုက်သော ဝိုင်တစ်ခွက်ကို ညနေတိုင်း သောက်ပြီး ရက်သတ္တပတ် အနည်းငယ်အကြာတွင် ဗိုက်နာမှုများ ဖြစ်သော်လည်း ဇနီးအပေါ် သံသယမဖြစ်ခဲ့မိပေ။ နှစ်လခန့်ကြာသောအခါ နားအကြားအာရုံချို့တဲ့ပြီး အကြောဆိုင်းမှုများကြောင့် ဆေးရုံတက်ပြီး သူ၏အသားမျှင်တို့ကို စစ်ဆေးရာမှ ဇနီးသည်ကိတ်နိုက်၏ သူ့အပေါ်တွင် မကြံကောင်း မစည်ဖွယ်ရာ ကျောချမ်းစရာကောင်းလောက်အောင် တဖြည်းဖြည်း အဆိပ်ခတ်ပြီး သေကြောင်းကြံခဲ့မှုကို သိခဲ့ရသည်။

ဆေးရုံတွင် ဆရာဝန်များက သူ၏ကျောက်ကပ်အတွင်းမှ ရေပိုနှင့်အညစ်အကြေးများကို ဖယ်ထုတ်ကုသခဲ့ရသည်။ လီသည် ရောဂါအခြေအနေ ဆိုးရွားကာ ရက်သတ္တကိုးပတ်အထိ မေ့မြောနေခဲ့သည်။ သူသတိရချိန်တွင် သူ့အား ဝိုင်တစ်ခွက်တိုက်ပြီးတိုင်း ဇနီးသည်၏ မျက်နှာပေါ်တွင် ပေါ်နေသည့် အပြုံးသည် အောင်နိုင်သူအပြုံးဟု သေချာစွာ သရုပ်ခွဲနိုင်တော့သည်။ သူဆေးရုံတက်နေစဉ်အတွင်း ဇနီးသည်မှာ သားကလေးဂျက်ကို အကြောင်းပြကာ သူ့ထံသို့ အလာကျဲခဲ့သည်။

ဆေးစစ်ချက်အရ လီတွင် အဆိပ်ခတ်ခံရကြောင်း လက္ခဏာများ တွေ့ရသဖြင့် ရဲအဖွဲ့က လီ၏အိမ်ကို ဝင်ရောက်စစ်ဆေးရာမှ ကိတ်အသုံးပြုသော ကွန်ပျူတာတွင် အဆိပ်နှင့်ပတ်သက်၍ ရှာဖွေစုဆောင်းခဲ့မှုနှင့် ယင်းအနီးရှိ ကားတိုင်ကီတွင် ရေမခဲအောင် အသုံးပြုသည့် ရေမခဲဆေးကို တွေ့ရှိရသောကြောင့် ကိတ်နိုက်ကို ရဲက မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးရာမှ ကိတ်၏ အကြံပက်စက်သော လျှို့ဝှက်ကြံစည်အဆိပ်ခတ်သည့် ဇာတ်လမ်းမှာ ဘွားဘွားကြီး ပေါ်ပေါက်လာတော့သည်။

**ပြစ်ဒဏ်စီရင်မည်**

ကိတ်သည် လီမသိသော ကြွေးအဖြစ် ပေါင် ၈၀၀၀၀ ပေးရန် ရှိသောကြောင့် ထိုကဲ့သို့ ကြံစည်ခဲ့ကြောင်း သိရသည်။ ကိတ်တွင် ယခင် အိမ်နီးချင်းဟောင်း ဆာရက်ချ်ဂွန်ဆင်နှင့် လီ၏ ညီဝမ်းကွဲ ဆာရက်ချ်လောင်တို့ရှိသည်။ ထိုသို့ မကြံစည်ခင် ကိတ်သည် ဂွန်ဆင်အား သူ့အနေဖြင့် လီကို အဆိပ်ခတ်သတ်မည်ဟု ပြောကြားခဲ့သော်လည်း နောက်ပြောင်ကျီစယ်သည်ဟု ထင်မှတ်ခဲ့သဖြင့် ပေါ့ပေါ့တန်တန် သဘောထားခဲ့သည်။ ကုန်တိုက်တစ်ခုတွင် ဈေးဝယ်ရင်းတွေ့ဆုံစဉ် လီ၏ ညီဝမ်းကွဲ ဆာရက်ချ်လောင်က ဂွန်ဆင်အား လီအခြေအနေဆိုး၍ ဆေးရုံတက်နေရကြောင်းနှင့် အသားစများကို ဓာတ်ခွဲရမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ဂွန်က ကိတ်၏ ပြောစကားကို လောင်အား ပြန်ပြောပြီး ကိတ်အဆိပ်ခတ်ခြင်း ဖြစ်နိုင်ကြောင်း ပြောရာမှတစ်ဆင့် လီ၏ မိဘများ သိရှိခဲ့သည်။ လီ၏ မိဘများက ရဲအဖွဲ့ကိုတိုင်ခဲ့ရာမှ ယင်းအမှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ လီသည် မိဘများနှင့်အတူ ပြန်လည် နေထိုင်လျက်ရှိပြီး ကိတ်ကို ဖေဖော်ဝါရီလအတွင်း ပြစ်ဒဏ်စီရင်မည်ဖြစ်သည်။

ပြစ်မှားမိခဲ့

**မည်သို့ပင်ဆိုစေ ကိတ်သည် ကြွေးပေါင် ၈၀၀၀၀ကို ပေးဆပ်ရန်အတွက် ခင်ပွန်းသည် လီ၏ အသက်အာမခံကြေးပေါင် ၁၃၀၀၀၀ ကို ရလိုမှုဖြင့် လွဲမှားသော စိတ်ဆန္ဒကို ရှေ့တန်းတင်ကာ ခင်ပွန်းသည် လီ၏ အသက်ကို အကောက်ကြံရန်ရှာခဲ့သဖြင့် လီ၏ မုန်းပင်စိုက်ပျိုး မုန်းမိုးရွာမှုကို ခံစားရသည်။ ထို့အပြင် အိမ်ဦးနတ်သဖွယ် ဖြစ်သောခင်ပွန်းသည်လီကို ပြစ်မှားမိခဲ့သဖြင့် ထောင်ထဲတွင် နှစ်ပေါင်းများစွာ ပေးဆပ်ရမည်ဖြစ်သလို သားဖြစ်သူနှင့် တစ်သက်တာ ဝေးရတော့မည့် အဖြစ်မှာ ကြေကွဲဖွယ်ရာ၊ သင်ခန်းစာယူ ဆင်ခြင်ဖွယ်ရာပါတကား။ ။**

## လီ၏အလုပ်ကြိုးစားမှုကြောင့် အသက်အာမခံအဖြစ် ပေါင် ၁၃၀၀၀၀လည်း ထားနိုင်ခဲ့။

**နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ**

**တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်**

# တရုတ်၌ဆီးနှင်းများဆက်လက်ကျဆင်းပြီး ခရီးသွားလာမှုပြတ်တောက်

နန်နင်း ဖေဖော်ဝါရီ ၁

**တရုတ်နိုင်ငံအရှေ့ပိုင်း နန်နင်းမြို့တွင် ဇန်နဝါရီ ၃၁ ရက်က အအေးလှိုင်းကျရောက်ကာ ဆီးနှင်းများ ဆိုးရွားစွာ ဆက်လက်ကျဆင်းနေမှုကြောင့် ခရီးသွားလာမှု ပြတ်တောက်လျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။**

နန်နင်းမြို့တွင် အပူချိန်များ ရေခဲမှတ်နီးပါး ကျဆင်းလျက်ရှိပြီး လမ်းများပေါ်၌ ဆီးနှင်းများ ဖုံးလွှမ်းနေသဖြင့် မော်တော်ယာဉ်များမောင်းနှင်သွားလာမှု ရပ်ဆိုင်းသွားသည်။ အချို့မော်တော်ယာဉ်များမှာဆီးနှင်းဖုံးလွှမ်းလျက်ရှိသည်။

**တရုတ်နိုင်ငံ ကွမ်ကျို့ပြည်နယ်၌ ဆီးနှင်းများ ဆိုးရွားစွာ ကျဆင်းမှုကြောင့် ရထားခရီးစဉ်ဖြင့် သွားမည့် ပြည်သူများ စောင့်ဆိုင်းနေသည်ကို ဇန်နဝါရီ၃၁ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

### ခွဲဝေပေး

တရုတ်နိုင်ငံတွင် ဆီးနှင်းကျဆင်းမှု ဆိုးရွားစွာ ဖြစ်ပေါ်နေသော ဒေသ အချို့မှာ အန်ဟွေး၊ ကျန်စီ၊ ကွမ်ကျို့ ဟူဘေးနှင့်ကွမ်စီပြည်နယ်များဖြစ်သည်။ ထိုပြည်နယ်များသို့ တရုတ်မြို့ပြဝန်ကြီးဌာနနှင့် တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ကူညီထောက်ပံ့ရေး ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ သန်းကို ခွဲဝေပေးထားသည်။

### ကြုံတွေ့

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဇန်နဝါရီ ၁၀ ရက်မှစတင်ကာ ဆီးနှင်းများ လွန်စွာ ကျဆင်းခဲ့မှုကြောင့် ပြည်နယ် ၁၄ ခု၌ ဒေသခံပြည်သူ ၇၇ ဒသမ ၈၆ သန်းကျော် ရာသီဥတု ဆိုးရွားမှုဒဏ် ကြုံတွေ့ခံစားနေကြရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ကင်ညာနိုင်ငံ၌ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွား အတိုက်အခံပါတီမှ ထိပ်တန်းအမတ်တစ်ဦး ပစ်သတ်ခံရ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁

**ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲအငြင်းပွားမှုကြောင့် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ အတိုက်အခံအမတ်တစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရကြောင်း ဇန်နဝါရီ ၃၁ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။**

ဒေးဗစ်တူး အမည်ရှိ အဆိုပါ အတိုက်အခံအမတ်အား အယ်လ်ဒိုးရက်မြို့အနောက်ပိုင်း၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း လိမ္မော်ရောင် ဒီမိုကရက်တစ် လှုပ်ရှားမှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

### အသတ်ခံရ

၎င်းသည် ယခု သီတင်းပတ်အတွင်း အဆိုပါ အတိုက်အခံပါတီမှ အသတ်ခံရသူများတွင် ဒုတိယမြောက် ပုဂ္ဂိုလ်ဖြစ်သည်။

နိုင်ရိုဘီမြို့၌ မူဂါဘီ သေနတ်ဖြင့် ပစ်ခတ် အသတ်ခံရပြီးနောက် အကြမ်းဖက်မှုများ ပိုမိုကြီးထွားလာသည်။

### ဆက်လက်ဖြစ်ပွား

သမ္မတရွေးကောက်ပွဲတွင် အငြင်းပွားမှုကြောင့် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ သေဆုံးသူပေါင်း ၉၀၀ကျော် ရှိသွားပြီဖြစ်သည်။

အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ကင်ညာပြည်သူ ၂၅၀၀၀၀ခန့် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်ဟုဆိုသည်။ **(ယာပုံ)**

မစ္စတာတူးသည် နိုင်ရိုဘီမြို့မှ အယ်လ်ဒိုးရက်မြို့သို့အသွား ယာဉ်ထိန်းရဲတပ်ဖွဲ့က ကားကို ပိတ်ဆို့ပြီး သေနတ်ဖြင့်ပစ်သတ်လိုက်ကြောင်း အတိုက်အခံပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဟင်နရီ ကောက်စ်ဂျီးက ပြောကြားသည်။

### အကြမ်းဖက်မှု

ကင်ညာနိုင်ငံ ရစ်ဖ်ဗယ်လီဒေသသည် ဒီဇင်ဘာ ၂၇ရက် ရွေးကောက်ပွဲပြီးနောက် အဆိုးရွားဆုံး အကြမ်းဖက်မှုဖြစ်ပွားရာ ဒေသဖြစ်သည်။

**(အင်တာနက်)**

# အီဂျစ်၌ ရှေးဟောင်းမြို့တစ်မြို့တွေ့ရှိ

**ကိုင်ရို ဖေဖော်ဝါရီ ၁**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တောင်ဘက်၌ ရှေးဟောင်းမြို့တစ်မြို့ တူးဖော်တွေ့ရှိကြောင်း အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ဇာဟီဟောဝပ်က ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

အဆိုပါရှေးဟောင်းမြို့သည် ဘီစီ ၅၀၀၀ ခန့်က ဖြစ်ကြောင်း၊ ကိုင်ရိုမြို့တောင်ဘက် ၈၅ ကီလိုမီတာခန့်အကွာ ကွန်အိုရှီရင်ဒေသ၌ရှိကြောင်း၊ အမေရိကန် ရှေးဟောင်း သုတေသနအဖွဲ့က စူးစမ်း လေ့လာ ရှာဖွေစဉ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဟောဝပ်၏ ပြောကြားချက်ကို အီဂျစ်သတင်းဌာနမီနာက ကိုးကားဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ၂၀၀၈ခုနှစ် အလှမယ်ရွေးပွဲတွင် မယ်ဘွဲ့ရရှိသူ တစ်ဦးအား ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။**
(အင်တာနက်ဓာတ်ပုံ)

# အစ္စတန်ဘူလ်မြို့၌ မီးပန်းစက်ရုံပေါက်ကွဲ အနည်းဆုံး ၂၀ သေဆုံး၊ အများအပြားဒဏ်ရာရရှိ

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ ဆင်ခြေဖုံးအရပ်၌ အင်အားပြင်းထန်သော မီးပန်းစက်ရုံပေါက်ကွဲခဲ့ရာ အနည်းဆုံး၂၀ သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း တူရကီရဲတပ်ဖွဲ့က ပြောကြားသည်။

### ထုတ်လွှင့်

အဆိုပါသတင်းကို စီအင်န်အင်န်သတင်းဌာနက ထုတ်လွှင့်ရာတွင် ၁၇ဦးသေဆုံးပြီး အချို့မှာ အပျက်အစီးများအောက်၌ ရှိနေဆဲဖြစ်သည်ဟုဆိုသည်။

### ပြောကြား

ယင်းမီးပန်းစက်ရုံ ပေါက်ကွဲမှုကြောင့် ဒါရွတ်ပါရှာအရပ်၌ ငါးထပ်အဆောက်အအုံတစ်လုံး ပြိုကျသွားကြောင်း၊ ၎င်းစက်ရုံမှာ လွန်ခဲ့သော နှစ်နှစ်ခန့်က တရားမဝင် မီးကျည်မီးပန်းများ ထုတ်လုပ်နေသည့် စက်ရုံဖြစ်ကြောင်း မြို့နေတာဝန်ရှိသူများက ပြောကြားသည်။

**(အင်တာနက်)**

# အရှေ့တီမော၌ ငလျင်လှုပ်

**ဂျကာတာ ဖေဖော်ဝါရီ ၁**

အရှေ့တီမော ကမ်းရိုးတန်းတွင် ဇန်နဝါရီ ၃၀ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိသော ငလျင်လှုပ်ပြီးနောက် အင်ဒိုနီးရှား မိုးလေဝသဌာနက ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

### ဖော်ပြ

ယင်းငလျင်ကြောင့် အသေအပျောက် အပျက်အစီးသတင်း မသိရှိရသေးကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

ငလျင်၏ ဗဟိုမှာ အရှေ့တီမော၏ မြို့တော် ဒီလီမှ ၂၉၉ ကီလိုမီတာတွင် ရှိကြောင်း၊ ငလျင်ကြောင့် ပျက်စီးမှု မရှိကြောင်း ဒေသခံများက ပြောကြားသည်။

### သိရ

အမေရိကန် ဘူမိဗေဒဆိုင်ရာ တိုင်းထွာချက်များအရ ယင်းငလျင်သည် ပြင်းအား ၆ဒသမ၂ ရှိကြောင်း သိရသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# ပါလက်စတိုင်း ထိပ်တန်းစစ်သွေးကြွတစ်ဦး အစ္စရေးတို့၏ လက်ချက်ဖြင့်သေဆုံး

**ဂါဇာ ဖေဖော်ဝါရီ ၁**

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း၌ ပါလက်စတိုင်း စစ်သွေးကြွလက်နက်ကိုင် အဖွဲ့ဝင်တစ်ဦးအား အစ္စရေးတပ်များက သတ်ဖြတ်ခဲ့ကြောင်း ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်၏ ဖတာပါတီက ပြောကြားသည်။

သေဆုံးသွားသည့် ပါလက်စတိုင်း လက်နက်ကိုင်သည် အယ်လ်ကွာဆာ စစ်သွေးကြွအဖွဲ့မှဖြစ်ကြောင်း ၎င်းပါတီက ပြောကြားသည်။

### သေဆုံး

အစ္စရေးစစ်တပ်နှင့် ပါလက်စတိုင်း စစ်သွေးကြွများသည် မကြာသေးသည့်လများက အစ္စရေး-ဂါဇာနယ်စပ်အနီး တိုက်ပွဲများဖြစ်ပွားခဲ့ရာ စစ်သွေးကြွ ဒါဇင်ပေါင်းများစွာနှင့် အရပ်သားအချို့ သေဆုံးခဲ့ရသည်ဟုဆိုသည်။ **(အင်တာနက်)**

# တရုတ်နိုင်ငံ၏ နှစ် ၅၀အတွင်း မကြုံစဖူး ဆီးနှင်းကျရောက်မှု

## သတင်းအက်ဆေး - မောင်မောင်မြင့်ဆွေ

ပေကျင်း ဖေဖော်ဝါရီ ၁

***၂၀၀၈ခုနှစ်သည် လာနီညာနှစ်ဖြစ်သည်။ လာနီညာ၏ သဘောမှာ အေးသည့်ဒေသများ၌ အလွန်အေးပြီး ပူသည့်ဒေသများ၌ အလွန်ပူသည်။ ကမ္ဘာကြီး ပူနွေးလာမှုက ရာသီဥတုဖောက်ပြန်မှုကို ပိုမိုဖြစ်ပေါ်စေရာ လာနီညာနှစ်နှင့် ကြုံကြိုက်သောအခါ ဆိုးရွားသော ရာသီဥတု ဖောက်ပြန်မှုများ ဖြစ်ပေါ်လာတော့သည်။***

*၂၀၀၈ခုနှစ်ကို စတင်ဝင်ရောက်သည့် ပထမဆုံးရက်သတ္တပတ်၌ပင် ရာသီဥတုဖောက်ပြန်မှုကို အဆိုးရွားဆုံး ရင်ဆိုင်ကြုံတွေ့ရသည့် နိုင်ငံမှာ တရုတ်နိုင်ငံ ဖြစ်သည်။ ဇန်နဝါရီ ပထမရက်သတ္တပတ်၌ပင် တရုတ်နိုင်ငံ ဒေသအချို့တွင် အအေးဓာတ် သိသိသာသာ ပိုလာပြီး ဆီးနှင်းများ ကျဆင်းစပြုလာခဲ့သည်။*

*တရုတ်မိုးလေဝသအဖွဲ့ချုပ်က ယခုနှစ်၌ ထူးခြားသော ရာသီဥတုမျိုးနှင့် ရင်ဆိုင် ကြုံတွေ့ရနိုင်ကြောင်း ၂၀၀၈ခုနှစ် ဇန်နဝါရီလ၏ ရာသီဥတုဆိုင်ရာခန့်မှန်းချက်သတင်း ထုတ်ပြန်ပေးခဲ့သည်။ တရုတ်နိုင်ငံတစ်ဝန်း ဒေသအချို့၌ ဇန်နဝါရီ ၁၀ရက်မှ စတင်ကာ ထူးထူးခြားခြား အပူချိန်များ လျော့ကျသွားခဲ့သည်။*

*တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်၌ ဆီးနှင်းများ ဖုံးလွှမ်းသဖြင့် ယာဉ်သွားလမ်းများ ပိတ်ဆို့မှု ဖြစ်ပေါ်နေသည်ကို ဤသို့တွေ့ရသည်။*
*(အင်တာနက်ဓာတ်ပုံ)*

### ထူထပ်သိပ်သည်း

*တရုတ်နိုင်ငံ အန်ဟွေး၊ ကျန်းစီနှင့် ဟူဘေးပြည်နယ်များ၌ ဇန်နဝါရီ ၁၀ရက် နံနက်မှစတင်ကာဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျရောက်ခဲ့သည်။ အချို့ဒေသများတွင် ဆီးနှင်းများ အမြင့်ငါးပေအထိ ရှိခဲ့သည်။ မော်တော်ကား လမ်းများပေါ်၌ ဆီးနှင်းများ ဖုံးလွှမ်းကာ သွားလာရေး အခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။*

### ဆိုးရွား

*ဆီးနှင်းများကျရောက်မှုတစ်ရက်ထက်တစ်ရက် ပိုမိုဆိုးရွား လာသဖြင့် ဟူဘေးနှင့် ကျီကျင်းပြည်နယ်များ၌ ရထားလမ်းနှင့် မော်တော်ကားလမ်းပေါ်တွင် ဆီးနှင်းထု လေးပေခန့်အထိ မြင့်တက်ခဲ့သည်။ ထို့အပြင် ရထားလမ်း ဥမင်လိုဏ်ခေါင်းများ၌ ဆီးနှင်းခဲများ ပိတ်ဆို့ခဲ့သည်။ ရထားများသွားလာမှု အန္တရာယ်ရှိသဖြင့် သွားလာနေသော ရထားများ ရောက်သည့် ဘူတာရုံများ၌ ရပ်ဆိုင်းခဲ့ရသဖြင့် ခရီးသည်ထောင်ပေါင်းများစွာ လမ်းခရီးတစ်ဝက်တစ်ပျက်၌ သောင်တင်နေခဲ့ကြသည်။*

*ကွမ်စီ၊ ဟူနန်၊ ဟူဘေး၊ ကွမ်ကျိုး၊ ကျန်းစီ၊ အန်ဟွေးစသည့် ပြည်နယ်များရှိ လေဆိပ်များ၌လည်း လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသဖြင့် ခရီးသည်ထောင်ပေါင်းများစွာ လေဆိပ်များ၌ သောင်တင်နေခဲ့ကြရသည်။ လေယာဉ်ကိုယ်ထည်များပေါ်နှင့် လေယာဉ်ပြေးလမ်းများပေါ် ဆီးနှင်းများ ဖုံးလွှမ်းနေသဖြင့် ရှင်းလင်းရေး ဝန်ထမ်းများက ကြိုးစားဖယ်ရှားနေရသည်။*

### ရပ်ဆိုင်း

*လေယာဉ်၊ မော်တော်ယာဉ်နှင့် ရထားသွားလာမှုများ ရပ်ဆိုင်းခဲ့ရသည့်အပြင် အရေးတကြီး မဖြစ်မနေ ခရီးသွားရသော မော်တော်ယာဉ်အချို့ လမ်းဘေးထိုးကျမှုနှင့် ယာဉ်တိုက်မှုများကြောင့် လူသေဆုံးမှုများလည်း ဖြစ်ပေါ်ခဲ့ရသည်။*

*ထို့အတူ ဇန်နဝါရီ ၃၀ရက်က ဆီးနှင်းများကျဆင်းနေမှုကြောင့်မြင်ကွင်းမထင်ရှားသဖြင့် ယန်စီမြစ်အတွင်း ခုတ်မောင်းလာသော ကုန်တင်သင်္ဘော နှစ်စင်း တိုက်မိပြီး သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ ၁၅ဦးသေဆုံးခဲ့သည်။ သင်္ဘောတစ်စင်းမှာ ရေနံများတင်ဆောင်လာသော သင်္ဘောဖြစ်၍ ရေနံယိုဖိတ်မှုများ ဖြစ်ပွားခဲ့ပြီး ရေထုညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ရပြန်သည်။*

*တရုတ်နိုင်ငံတစ်ဝန်း အဆိုးရွားဆုံး ဆီးနှင်းကျဆင်းမှု ဖြစ်သဖြင့် ရာသီဥတု ဘေးဒုက္ခဒဏ် ကြုံတွေ့နေရသော ဒေသများရှိ ပြည်သူများအား ဒေသဆိုင်ရာ အရာရှိများက အနီရောင်အဆင့် သတိပေးချက်များ ထုတ်ပြန်ပေးထားရသည်။ အအေးဓာတ် လွန်ကဲမှု၊ ဆီးနှင်းများ ကျဆင်းမှုတို့ကြောင့် တရုတ်နိုင်ငံတစ်ဝန်း သေဆုံးသူမှာ ဖေဖော်ဝါရီ ၁ရက်အထိ ၆၀ကျော်သွားခဲ့ပြီ ဖြစ်သည်။*

### ဓာတ်အားပြတ်တောက်

*တရုတ်နိုင်ငံ ပြည်နယ် ၃၁ခု၌ ဓာတ်အားများ ပြတ်တောက်လျက်ရှိပြီး ပြည်နယ် ၁၇ခုတွင် ဒေသခံ ပြည်သူတို့ စားနပ်ရိက္ခာ ပြတ်လပ်လျက်ရှိသည်။ တရုတ်အစိုးရက ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေသည့် ပြည်နယ်များသို့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှတပ်ဖွဲ့ဝင် ငါးသိန်းခန့်ကို ထိုဒေသများသို့ စေလွှတ်ပြီး လိုအပ်သော ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရလျက်ရှိသည်။*

*သို့သော် ထိုအင်အားဖြင့် ကူညီရေး ကိစ္စရပ်များ အပြည့်အဝ မဆောင်ရွက်နိုင်သဖြင့် နောက်ထပ်တပ်ဖွဲ့ ၂၀၀၀၀၀ထပ်မံ စေလွှတ်ခဲ့ရသည်။ ထို့အတူ အကူအညီပေးနိုင်ရန် တရုတ်ရဲတပ်ဖွဲ့ဝင်များကိုလည်း ဆက်လက်စေလွှတ်ပေးထားသည်။*

*ထို့အတူ တရုတ်နိုင်ငံ မြို့ပြရေးရာ ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ ဘဏ္ဍာရေး ဝန်ကြီးဌာနများက ကူညီထောက်ပံ့ရေး ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅သန်း ခွင့်ပြုပေးထားသည်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသခံများအတွက် စားနပ်ရိက္ခာ ခြုံစောင်၊ အဝတ်အထည်နှင့် အခြားအသုံးအဆောင် ပစ္စည်းများကို ဖြန့်ဖြူးပေးရလျက် ရှိသည်။*

*ဇန်နဝါရီ ၁၀ရက်မှ စတင်ပြီး ဆီးနှင်းများ ထူထပ် သိပ်သည်းစွာ ကျရောက်ခဲ့သဖြင့် ဘေးဒုက္ခကြုံတွေ့ခဲ့ရသည့် ပြည်နယ် ၁၇ခု၌ ဒေသခံ ပြည်သူသန်း ၈၀ခန့်မှာ ရာသီဥတု ဆိုးရွားမှုနှင့် စားနပ်ရိက္ခာ ပြတ်လပ်မှုများနှင့် ကြုံတွေ့ရလျက်ရှိသည်။*

### သွားလာမှု

*တရုတ်နိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိ အဝေးပြေး ကားလမ်းမကြီး ၁၂ခုခန့်ကိုလည်း ဆီးနှင်းများဖုံးလွှမ်းနေသဖြင့်သွားလာမှု ပိတ်ထားခဲ့ရသည်။ တရုတ်တို့၏ နှစ်ကူးပွဲတော်မှာ ဖေဖော်ဝါရီ ၆ရက်၌ စတင်မည်ဖြစ်ရာ နိုင်ငံတစ်ဝန်း ခရီးသွားလာမှုများပြားချိန်၌ ယခုကဲ့သို့ ခရီးလမ်း တစ်ဝက်တစ်ပျက်၌ သွားလာမှု ရပ်ဆိုင်းနေရပြီး ခရီးသည်များ သောင်တင်နေမှုကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမဖြစ်ပေါ်ရန် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးမည့် ကျန်းမာရေးအဖွဲ့များကိုလည်း ခရီးသည်များ သောင်တင်နေသည့်ဘူတာရုံများ၊လေဆိပ်များသို့ စေလွှတ်ပေးကာ စောင့်ရှောက်မှုများ ပြုလုပ်ပေးရလျက် ရှိသည်။*

*၁၉၆၁ခုနှစ်မှစတင်ကာ နှစ် ၅၀ အတွင်း အဆိုးရွားဆုံးဆီးနှင်းကျရောက်မှုဖြစ်ရာ တရုတ်နိုင်ငံသမိုင်း၌ ရာစုနှစ်ဝက်အတွင်း မှတ်တမ်းဝင်ခဲ့သည့် ရာသီဥတုဆိုင်ရာ ဘေးဒုက္ခ ကြုံတွေ့ခံစားရမှုပင်ဖြစ်ပါကြောင်း စုစည်းရေးသားလိုက်ရပါသည်။ ။*

***ကိုးကား-အင်တာနက်***

*တရုတ်နိုင်ငံ ကျန်းစီပြည်နယ်၌ ဆီးနှင်းများ ထူထပ်စွာကျရောက်သဖြင့် လမ်းများပေါ်၌ ဆီးနှင်းများ ဖုံးလွှမ်းလျက် ရှိစဉ်။*
*(အင်တာနက်ဓာတ်ပုံ)*

**အဆောက်အအုံပုံစံငယ်**

**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ အိမ်ရာတည်ဆောက်ရေးပြပွဲ၌ ပြသထားသည့် အဆောက်အအုံပုံစံငယ်များကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။**
(အင်တာနက်ဓာတ်ပုံ)

# အာဖဂန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး အသေခံဗုံးခွဲမှုကြောင့် သေဆုံး

**ကဘူးလ် ဖေဖော်ဝါရီ ၁**

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးသည် ဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒုတိယအုပ်ချုပ်ရေးမှူး ဟာဂျီပီယာမိုဟာမက်သည် အသေခံဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးသူခုနစ်ဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

**ပြောကြား**

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ဟယ်လ်မန်းပြည်နယ်၏ မြို့တော် လက်ရှ်ကာဂတ်ချ်မြို့၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး သေဆုံးသူခုနစ်ဦးအပြင် အခြား ၁၈ ဦးလည်း ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ထုတ်ဖော်**

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် တာလီဘန်တို့က ၎င်းတို့လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ ဟယ်လ်မန်းပြည်နယ်သည် တာလီဘန် အများစု နေထိုင်ကျက်စားရာ ဒေသဖြစ်သည်။ **(အင်တာနက်)**

# အမေရိကန် လူငယ်များ အိတ်ချ်အိုင်ဗွီအဖြစ်များ

ဝါရှင်တန် ဖေဖော်ဝါရီ ၁

**အမေရိကန်နိုင်ငံ၌ လူငယ်ပေါင်း ၆၀၀၀၀၀ ခန့်သည် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း အမျိုးသားကျန်းမာရေးဗဟိုဌာနမှ ဇန်နဝါရီ ၂၉ ရက်က ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြသည်။**

ဖော်ပြ

**အမေရိကန်၌ အိတ်ချ်အိုင်ဗွီ ကူးစက်ခံရသူများတွင် လူမည်းများသည် အခြားသော အမေရိကန်နိုင်ငံသားများထက် ပို၍များကြောင်း စာရင်းဇယားများ၌ ဖော်ပြသည်။**

ဖော်ပြ

**အဆိုပါစာရင်းဇယားတွင် အမေရိကန်နိုင်ငံ၌နေထိုင်သော အသက် ၁၈နှစ်မှ ၄၉ နှစ်ရှိသူများပါဝင်ပြီး ပင်စင်စားများ၊ အိုးမဲ့ အိမ်မဲ့များနှင့် လူနာများ မပါဝင်ကြောင်း လေ့လာရေးအဖွဲ့ကို ဦးဆောင်သည့် ဂါရီမက်ကွယ်လင်းက ပြောကြားသည်။**
အမ်အင်န်အေ၊ရိုက်တာ

# အန်ဘာပြည်နယ်၌ အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁**

အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ ရဲတပ်ဖွဲ့စခန်းကို ပစ်မှတ်ထားလျက် အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဆက်တိုက် ဖြစ်ပွားခဲ့ရာ အရပ်သားကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီ ၃၀ ရက်တွင် ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းပြည်နယ်၌ ဇန်နဝါရီ ၂၉ ရက် ညပိုင်းက ရဲစခန်းအပြင်ဘက်၌ ဗုံးပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း မျက်မြင်သက်သေတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

၂၀၀၃ ခုနှစ်မှ စတင်ကာ အီရတ်သို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ဝင်ရောက်ကျူးကျော်ကတည်းက အန်ဘာပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်မှု ပိုမိုဖြစ်ပွားခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# ဘူကီနာဖာဆိုနိုင်ငံ

သတင်းအကျဉ်း | တိုး-ရေးသားသည်

ဘူကီနာဖာဆိုနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုမှာ ဝါဂွမ်း စိုက်ပျိုးထုတ်လုပ်ရေးဖြစ်သည်။

ဘူကီနာဖာဆိုနိုင်ငံသည်အာဖရိက တိုက်အနောက်ပိုင်းရှိ ကုန်းတွင်းပိတ် နိုင်ငံဖြစ်သည်။ မိုးခေါင်မှုများ ထပ်တလဲလဲ ကြုံတွေ့ရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ထိုနိုင်ငံ၌ အာဏာသိမ်းမှု များလည်း မကြာခဏ ပြုလုပ်တတ် သည်။ ဘူကီနာဖာဆိုနိုင်ငံမှာ ကြီးမား သော ရွှေသတ္တုသိုက်ကို ပိုင်ဆိုင်ထား သည့် နိုင်ငံဖြစ်သည်။ သို့သော် ဘူကီနာ ဖာဆိုပြည်သူတို့အတွက် ဝါဂွမ်းထုတ် လုပ်ခြင်းသည်သာ စီးပွားရေး၏ အဓိက အစိတ်အပိုင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ဝါဂွမ်းဈေးနှုန်း မတည်ငြိမ်မှု၏ ဂယက်ရိုက်မှုကို ပြည်သူတို့ခံစားကြရသည်။

**သီးခြားနယ်မြေ**

ဘူကီနာဖာဆိုဟူသော အမည်မှာ ရိုးသားသူတို့၏နိုင်ငံဟု အဓိပ္ပာယ် ရသည်။ ဤနိုင်ငံ၏ ယခင်အမည်မှာ အထက်ဗော်လတာဖြစ်သည်။ အထက်ဗော်လတာသည် ၁၉၁၉ခုနှစ်တွင် ပြင်သစ်ပိုင် အနောက်အာဖရိက၏ လက်အောက်ခံ နယ်မြေတစ်ခုဖြစ်သည်။ ၁၉၃၂ခုနှစ်တွင် အထက်ဗော်လတာကို အိုင်ဗရီကို့စ်နှင့် ပြင်သစ်ပိုင် ဆူဒန်တို့တွင် ခွဲခြားသွတ်သွင်းလိုက်သည်။ ၁၉၄၇ခုနှစ်တွင် အထက်ဗော်လတာအဖြစ်ပြန်လည်စုစည်းပြီး ပြင်သစ်ပိုင် အနောက်အာဖရိကအတွင်း သီးခြားနယ်မြေအဖြစ် ထူထောင်သည်။

**သမ္မတ**

၁၉၆၀ပြည့်နှစ်တွင် အထက်ဗော်လတာနိုင်ငံ လွတ်လပ်ရေးရရှိသည်။ ပထမဆုံးသမ္မတမှာ မောရစ်ယာမီယိုဂိုဖြစ်သည်။ ၁၉၆၆ခုနှစ်တွင် အစိုးရ၏ ခြိုးခြံချွေတာရေးအစီအစဉ်အပေါ် ကန့်ကွက်အုံကြွပြီးနောက် ယာမီယိုဂိုအား ဖြုတ်ချအာဏာသိမ်းလိုက်သည်။ ထို့နောက် ၁၉၈၃ခုနှစ်အထိ အာဏာသိမ်းမှု သုံးကြိမ်မျှ ဖြစ်ခဲ့သည်။ ၁၉၈၄ခုနှစ်တွင် အထက်ဗော်လတာနိုင်ငံကို ဘူကီနာဖာဆိုနိုင်ငံအဖြစ် အမည်ပြောင်းလဲလိုက်သည်။ ၁၉၈၇ခုနှစ်တွင် သမ္မတ သောမတ်ဆန်ကာရာအား ၎င်း၏ ရင်းနှီးသော လက်ထောက်တစ်ဦးဖြစ်သူ ကမ်ပေါင်ရီက ဦးဆောင်ပြီး အာဏာသိမ်းသည်။

မစ္စတာ ကမ်ပေါင်ရီမှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ အတိုက်အခံမရှိ ၁၉၉၁ခုနှစ်တွင် ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည်။ တစ်ဖန် ၁၉၉၈ခုနှစ် သမ္မတရွေးကောက်ပွဲတွင်လည်းကောင်း၊ ၂၀၀၅ခုနှစ်နိုဝင်ဘာ သမ္မတရွေးကောက်ပွဲတွင်လည်း သုံးကြိမ်ဆက်တိုက် ရွေးချယ်တင်မြှောက်ခံရသည်။

**ပါတီစုံစနစ်**

၁၉၈၃ခုနှစ်တွင် အာဏာသိမ်းပြီးနောက် သောမတ်ဆန်ကာရာသည် ဘက်မလိုက် နိုင်ငံခြားရေးဝါဒကိုချမှတ်ကျင့်သုံးသဖြင့် လစ်ဗျားနိုင်ငံ၊ ဂါနာနိုင်ငံတို့နှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်သည်။ တစ်ဖန် ၁၉၈၇ခုနှစ်တွင် မစ္စတာဆန်ကာရာအား ဖယ်ရှားပြီးနောက် အာဏာသိမ်းလိုက်သူ မစ္စတာ ကမ်ပေါင်ရီက ပါတီစုံစနစ်ကို စတင်ကျင့်သုံးလာခဲ့ခြင်းဖြစ်သည်။

**ဆက်ဆံရေးတင်းမာ**

ဘူကီနာဖာဆိုနိုင်ငံ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးကိစ္စများအပေါ် ပြည်တွင်းပဋိပက္ခနှင့် အိမ်နီးချင်းနိုင်ငံများ၏ ပြည်တွင်းရေးအကျပ်အတည်းများက ရိုက်ခတ်လာတတ်သည်။ အိမ်နီးချင်း အိုင်ဗရီကို့စ်နိုင်ငံက သူပုန်များကို ဘူကီနာဖာဆိုနိုင်ငံက အားပေးထောက်ခံနေသည်ဟု စွပ်စွဲသဖြင့် နှစ်နိုင်ငံ ဆက်ဆံရေး တင်းမာခဲ့ရသည်။

ဆီရာလီယွန်နိုင်ငံအတွင်းမှ သူပုန်တို့၏ စိန်မှောင်ခိုမှုတွင်ဘူကီနာဖာဆို ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲမှုများရှိပြန်သည်။ ဘူကီနာဖာဆိုနိုင်ငံသား အများအပြားသည် အိမ်နီးချင်း အိုင်ဗရီကို့စ်နိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသဖြင့် အလုပ်သမားပြဿနာလည်း နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေသည်။

ဘူကီနာဖာဆိုနိုင်ငံတွင် ဦးနှောက်အမြှေးရောင်ရောဂါကြောင့် ၁၉၉၆ ခုနှစ်က လူ ၄၀၀၀၊ ၂၀၀၁ခုနှစ်က လူ ၁၅၀၀၊ ၂၀၀၆ခုနှစ် က လူ ၆၀၀ ကျော် သေဆုံးခဲ့ရသည်။

**ကြွေးကြော်**

ဘူကီနာဖာဆိုနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုကို ထိန်းထားနိုင်သူအဖြစ် ဘူကီနာဖာဆိုသမ္မတ မစ္စတာကမ်ပေါင်ရီက ကြွေးကြော် နေသည်။

**ကိုးကား-အင်တာနက်**

## နိုင်ငံတကာ သတင်းဟာသ

### အသက်ရှည်တယ် ဆိုတာ....

အသက် ၁၀၄ နှစ်ရှိသော အဘွားအိုတစ်ဦးအား သတင်းထောက်တစ်ဦးက အင်တာဗျူးလုပ်လေသည်။

သတင်းထောက် - အသက်ရှည်အောင် ဘယ်လိုကျင့်ကြံပါသလဲ။
အဘွားအို - အစားအသောက်နဲ့ ဆိုင်ပါတယ်။
သတင်းထောက် - အစားအသောက် ပုံမှန် စားတာလား။
အဘွားအို - နံနက်စာ ပုံမှန်စားဖြစ်ပါတယ်။
သတင်းထောက် - ညစာ ဘာစားပါသလဲ ... သိပါရစေ။
အဘွားအို - ဘာမှမစားပါဘူး။
သတင်းထောက် - ဘာဖြစ်လို့မစားတာလဲ၊ ကျန်းမာရေးကောင်းအောင်လို့လား။
အဘွားအို - ကျွေးမယ့်သူ မရှိလို့ပါ။

## ဘဝဒဿနအမြင်

* ***Nature does nothing uselessly.***

***သဘာဝက အရာရာတိုင်းကို အသုံးတည့်အောင် စီမံဖန်တီးထားသည်။***

အရစ္စတိုတယ်လ်
(အတွေးအခေါ်ပညာရှင်)

— — — — — —

* ***The only way to have a friend is to be one.***

***မိတ်ဆွေရရန် တစ်ခုတည်းသောနည်းလမ်းမှာ မိမိကိုယ်တိုင် မိတ်ဆွေကောင်းဖြစ်အောင် ကျင့်ကြံနေထိုင်ခြင်းပင်ဖြစ်သည်။***

ရယ်လ်ဝေါလ်ဒိုအီမာဆင်
(ကဗျာဆရာ)

## ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❍ **အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့လယ်၌ ဖေဖော်ဝါရီ ၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်ပြီး မော်တော်ယာဉ်သွားလာမှု ပြတ်တောက်ခဲ့ရသည်။** (အပေါ်ပုံ)

❍ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် ဖေဖော်ဝါရီ ၃၁ ရက်က နှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့သဖြင့် စာသင်ကျောင်းများ ပိတ်ထားရသည်။

❍ **ဆားဘီးယားနိုင်ငံ အနောက်တောင်ပိုင်း ကီမီရိုဗိုမြို့၌ ဖေဖော်ဝါရီ ၁ ရက်က နေအိမ်များ မီးလောင်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး နေအိမ်အများအပြား ပျက်စီးခဲ့ရသည်။**

❍ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီးတွင် ဖေဖော်ဝါရီ ၁ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦး အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

❍ **အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် ဒါနူပါရစ်ခရိုင်၌ ဖေဖော်ဝါရီ ၁ ရက်က မြေပြိုမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးခဲ့သည်။**

❍ ပီရူးနိုင်ငံတောင်ပိုင်း လီမာမြို့အနီး၌ ဖေဖော်ဝါရီ ၁ ရက်က ပီရူးရေတပ်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားရာ ၁၅ဦး ဒဏ်ရာရရှိခဲ့သည်။

❍ **မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့၌ ဖေဖော်ဝါရီ ၁ ရက်က ခရီးသည်တင် မော်တော်ယာဉ်တစ်စီး လမ်းဘေးချောက်အတွင်း ထိုးကျခဲ့ရာ ၁၅ ဦး ပွဲချင်းပြီး သေဆုံးသွားသည်။**

❍ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ တောင်ဘက်မိုင် ၁၃၀ ခန့်အကွာ မြစ်တစ်ခု၌ ဖေဖော်ဝါရီ ၁ ရက်က စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ရှစ်ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးနေသည်။

## ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁-၂-၂၀၀၈

### ဟားမတ်စ်ခေါင်းဆောင်များနှင့် မာမွတ်အဘတ်စ် မဆွေးနွေး

**ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ဟားမတ်စ်အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။**

**ဂါဇာနှင့် အီဂျစ်နယ်စပ်ပြန်လည်ဖွင့်ပေးရေးနှင့် ပတ်သက်ပြီး အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ တွေ့ဆုံဆွေးနွေးပွဲကျင်းပသည့်အခါ အီဂျစ်၊ဟားမတ်စ်နှင့် ပါလက်စတိုင်းတို့ ဆွေးနွေးကြမည်ဖြစ်ရာ အဆိုပါဆွေးနွေးပွဲ၌ ဟားမတ်စ်တို့နှင့် သီးခြားဆွေးနွေးမည်မဟုတ်ဟု မာမွတ်အဘတ်စ်က ပြောကြားသည်။**

### ကမ္ဘာ့ရွှေထုတ်လုပ်မှု၌ တရုတ်ဒုတိယဖြစ်လာ

တရုတ်နိုင်ငံသည် ၂၀၀၇ ခုနှစ်က ရွှေတန်ချိန် ၂၇၀ ဒသမ ၂၉တန် ထုတ်လုပ်နိုင်ခဲ့ရာ ကမ္ဘာပေါ်၌ ဒုတိယအများဆုံး ရွှေထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာသည်။

တောင်အာဖရိကနိုင်ငံသည် ကမ္ဘာပေါ်၌ ရွှေအများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်သော်လည်း တရုတ်နိုင်ငံ၌ ရွှေသတ္တုတွင်းကြီးငါးခုတွေ့ရှိထားသဖြင့် မကြာမီ တောင်အာဖရိကကို စိန်ခေါ်နိုင်သည့်အနေအထား ရောက်ရှိလာမည်။

### ကြက်ငှက်တုပ်ကွေး ဟောင်ကောင်၌ ဖြစ်ပွား

**ဟောင်ကောင်ဒေသတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် တောရိုင်းငှက်တစ်ကောင်သေဆုံးခဲ့ပြီးနောက် ကြက်ငှက်တုပ်ကွေးနှင့် ပတ်သက်သည့် သတိပေးချက်များထုတ်ပြန်ထားသည်ဟု ဟောင်ကောင်ဒေသမှ အရာရှိများက ပြောကြားသည်။**

**ဟောင်ကောင်ကျွန်း၏ တောင်ဘက်ကမ်းရိုးတန်းဒေသရှိ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် အဆိုပါငှက်သေဆုံးခဲ့သော နေရာဒေသကို ခရီးသွားလာမှု ပိတ်ပင်ထားသည်။**

### နိုင်ငံတကာရေးရာကိစ္စများ ရုရှားနှင့် ဘီလာရုစ် ပူးပေါင်းဖြေရှင်းမည်

ရုရှားနှင့် ဘီလာရုစ်နှစ်နိုင်ငံတို့သည် နိုင်ငံတကာရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူ လက်မှတ်ရေးထိုးလိုက်သည်။

ထို့အတူ နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍လည်း အပြန်အလှန် ပွင့်လင်းစွာ ဆက်ဆံရေးနှင့်နိုင်ငံတကာရေးရာကိစ္စရပ်များ ကာကွယ်စောင့်ရှောက်ရေးများကိုလည်း ပူးတွဲဆောင်ရွက်ကြမည်ဖြစ်သည်။

### အစ္စရေး၏အစီရင်ခံစာကြောင့် စစ်ပွဲထပ်မံဖြစ်ပွားနိုင်

၂၀၀၆ ခုနှစ်က ဖြစ်ပွားခဲ့သော အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့၏ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်စစ်ပွဲနှင့် ပတ်သက်သော အစ္စရေးတို့၏ အစီရင်ခံစာသည် နောက်ထပ်စစ်ပွဲတစ်ပွဲ ဖြစ်ပေါ်လာစေရန် ဦးတည်နေကြောင်း လက်ဘနွန်အရာရှိများက ပြောကြားလိုက်သည်။

အစ္စရေးတို့၏ အစီရင်ခံစာ၌ နောက်ထပ်စစ်ပွဲဖြစ်ပွားပါက မည်သို့တိုက်ခိုက်မည်ဆိုသည်များ ပါဝင်နေသဖြင့် လက်ဘနွန်အရာရှိများက သတိပေးလိုက်ခြင်းဖြစ်သည်။

### အိန္ဒိယအရှေ့ပိုင်းဒေသများ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

**အိန္ဒိယနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသဖြင့် အိန္ဒိယအရှေ့ပိုင်းဒေသများ၌ ကြက်၊ ဘဲများ သယ်ဆောင်ခွင့်ကို ပိတ်ပင်လိုက်သည်။**

**အိန္ဒိယနိုင်ငံအနောက်ပိုင်း ဘင်္ဂေါပြည်နယ်၏ ခရိုင်၁၉ခရိုင်၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုများ တွေ့ရှိနေရသည်ဟု အိန္ဒိယအရာရှိများက ပြောကြားသည်။**

### အီရန်တင်ပို့မည့်ရေဒီယိုသတ္တိကြွပစ္စည်းများ ကာဇက်စတန်ရထားပေါ်၌ တွေ့ရှိ

ကာဇက်စတန်နိုင်ငံ ရထားတစ်စင်းပေါ်၌ အီရန်သို့တင်ပို့မည့် ရေဒီယိုသတ္တိကြွပစ္စည်းများကို ရဲတပ်ဖွဲ့က သိမ်းဆည်းရရှိခဲ့ကြောင်း ကာဇက်စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဥဇဘက်ကစ္စတန်နိုင်ငံ နယ်စပ်၌လည်း အဆိုပါအမျိုးအစား ရေဒီယိုသတ္တိကြွပစ္စည်းများကို ပြီးခဲ့သည့်တစ်လခန့်က ရှာဖွေတွေ့ရှိခဲ့သဖြင့် ယခုတွေ့ရှိရမှုနှင့် ဆက်စပ်မှုရှိမရှိကို ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိသည်။

### အိန္ဒိယနယ်စပ်၌ပစ်ခတ်မှု သုံးဦးသေဆုံး

**အင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနယ်စပ်တွင် အိန္ဒိယတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံးသွားကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။**

**ဒါကာမြို့အနောက်မြောက် ကီလိုမီတာ ၅၀၀ ခန့်အကွာ၌ အိန္ဒိယတပ်ဖွဲ့ဝင်များက လက်နက်ကိုင်တိုက်ခိုက်ရေးသမားများဟု ယူဆရသူသုံးဦးအား ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။**

# မြန်မာ–ကိုရီးယား ချစ်ကြည်ရေး ဘောလုံးပွဲ ကမ္ဘောဇအသင်းက အူလ်ဆန်တက္ကသိုလ်ကိုအနိုင်ရရှိ

**သတင်းမြင်ကွင်း – ကိုထွေး**
**ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)**

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းမှ ကမ္ဘောဇဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပွဲကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ ကမ္ဘောဇဘောလုံးအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

## စိတ်ဓာတ်ရေးရာမြင့်မား

မြန်မာ–ကိုရီးယားချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲ ပထမပွဲစဉ်အဖြစ် ဇန်နဝါရီ ၃၀ ရက်က အူလ်ဆန်တက္ကသိုလ်အသင်းနှင့် အဆင့်မြင့်တန်းမှ စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အူလ်ဆန်တက္ကသိုလ်အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ ဒုတိယပွဲစဉ်၌ ကမ္ဘောဇအသင်းက အူလ်ဆန်တက္ကသိုလ်အသင်းကို အနိုင်ကစားပြီး ခြေစွမ်းမည့်ကြောင်း ပြသနိုင်ခဲ့သည်။ ကမ္ဘောဇအသင်းသည် ၂၀၀၈ ခုနှစ် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (2008 AFC President Cup) ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေခြင်းဖြစ်ရာ ယခုပွဲအနိုင်ရရှိမှုကြောင့် စိတ်ဓာတ်ရေးရာမြင့်မားခဲ့ရသည်။

အူလ်ဆန်တက္ကသိုလ်အသင်းသည် ပထမပွဲစဉ်၌ ဂိုးပြတ်အနိုင်ရရှိထား၍ ယနေ့ပွဲစဉ်တွင် အမာခံကစားသမားများကို အနားပေးပြီး အရန်ကစားသမားများကို ပွဲထုတ်ကစားသွားသည်။ ပထမပိုင်း၌ အူလ်ဆန်တက္ကသိုလ်အသင်းသာမန်မျှသာကစားခဲ့ရာ ပွဲအေးနေခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် ကမ္ဘောဇအသင်းအတွက် ဦးဆောင်ဂိုးကို တိုက်စစ်မှူး ထွန်းမင်းဦးက သွင်းယူပေးသည်။

နောင်)၊ နေဇော်ထက်၊ ရာဇာစိုး (အောင်သန်းဝင်း)၊ အောင်သိုက် (ရဲမောင်မောင်)၊ **(ရှေ့တန်း)** ထွန်းမင်းဦးနှင့် ကျော်သီဟတို့ ပါဝင်ကစားသွားသည်။ ပွဲအပြီးတွင် အူလ်ဆန်တက္ကသိုလ် အသင်းနည်းပြချုပ် Mr. Mun Ki Nam အား မေးမြန်းရာတွင် "မိမိတို့နှင့် ယနေ့ယှဉ်ပြိုင်ကစားသည့် ကမ္ဘောဇအသင်းသည် စီးပွား/ကူးသန်းအသင်းထက် ကစားရခက်ခဲကြောင်း၊ ကမ္ဘောဇအသင်းနည်းစနစ်ကောင်းမွန်ကြောင်း၊ မိမိတို့အသင်းမှ ကစားသမားများမှာ ငယ်ရွယ်သူများဖြစ်၍ အတွေ့အကြုံအားနည်းသေးကြောင်း၊ မိုးရွာထားပြီး ကွင်းချောနေ၍ မိမိတို့ကစားသမားများ ဘောလုံးထိန်းသိမ်းရာတွင် စိတ်တိုင်းကျမရှိခဲ့ကြောင်း၊ ကမ္ဘောဇအသင်း၏ နောက်တန်းမှာ အထူးကောင်းမွန်၍ မိမိတို့ချေပဂိုး မရခဲ့ခြင်းဖြစ်ကြောင်း၊ တတိယပွဲစဉ်၌ ဘဏ္ဍာ/အခွန်အသင်းကို အနိုင်ရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

## တိုးတက်မြင့်မား

ကမ္ဘောဇအသင်းအုပ်ချုပ်သူ ဦးမိုးဆန်းအောင်အား မေးမြန်းရာတွင် **"မိမိတို့ ကမ္ဘောဇအသင်းအနေဖြင့် နိုင်ငံခြားမှ ဘောလုံးအသင်းတစ်သင်းကို အနိုင်ရရှိ၍ ဝမ်းသာဂုဏ်ယူပါကြောင်း၊ မိမိတို့ကစားသမားများ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် ကြိုးစားအားထုတ်မှု ကောင်းမွန်၍ အနိုင်ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အကောင်းဆုံး လူစာရင်းဖြင့် ပွဲထုတ်ကစားခဲ့ကြောင်း၊ ပထမပွဲစဉ်၌ စီးပွား/ကူးသန်းအသင်းက ရှုံးထား၍ မိမိတို့အသင်းရှုံး၍ မဖြစ်ဘူးဟူသော စိတ်ဓာတ်ဖြင့် ပုံမှန်ကစားနေကျနှင့်မတူဘဲ အထူးကြိုးစား**

မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး ဘောလုံးပွဲမစမီ နှစ်ဖက်အသင်းမှ ဘောလုံးသမားများအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

## တင်ကစားလာ

ဒုတိယပိုင်းတွင် အူလ်ဆန်တက္ကသိုလ်အသင်းက ချေပဂိုးရရှိရေးအတွက် အမာခံကစားသမားများကိုလူစားလဲထည့်သွင်းပြီး တင်ကစားလာသည်။ ကမ္ဘောဇအသင်းကလည်း ချေပဂိုးမပေးရရေးအတွက် တစ်သင်းလုံး တက်ညီလက်ညီဖြင့် ကြိုးစားကစားရာ အကြိတ်အနယ်ဖြစ်လာသည်။ အူလ်ဆန်တက္ကသိုလ်အသင်းက ပွဲပြီးရန်နီးကပ်လာသည်နှင့်အမျှ ဂိုးရရှိရေး ခြေကုန်ထုတ်ကစားလာ၍ ကမ္ဘောဇအသင်းနောက်တန်းလူများ ခက်ခက်ခဲခဲ ကာကွယ်ဖျက်ထုတ်ခဲ့ရသည်။

ပွဲပြီးခါနီး မိနစ်ပိုင်းတွင် အူလ်ဆန်တက္ကသိုလ်အသင်းက ကွင်းတစ်ဝက် ဖိကစားပြီး အဆက်မပြတ်တိုက်စစ်ဆင်ကစားရာ ထောင့်ကန်ဘောလေးကြိမ်ဆက်တိုက်ရရှိခဲ့သည်။

အူလ်ဆန်တက္ကသိုလ်အသင်းက ထောင့်ကန်ဘောမှတစ်ဆင့် ဂိုးရရှိရေး အပြင်းအထန်ကြိုးစားသော်လည်း ကမ္ဘောဇအသင်းက အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် အထူးကြိုးစားယှဉ်ပြိုင်ခဲ့၍ ပွဲအပြီးတွင် တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အူလ်ဆန်တက္ကသိုလ်အသင်းသည် ပထမပိုင်း၌ ပြိုင်ဘက်အသင်းကို အထင်သေးသည့်စိတ်ဖြင့် သာမန်မျှကစားခဲ့ရာမှ ဂိုးပေးရပြီးနောက် ပြန်လည်တင်ကစားသော်လည်း ထင်တိုင်းမပေါက် ဖြစ်ခဲ့ရသည်။ ကမ္ဘောဇအသင်း၏ စိတ်ဓာတ်ကောင်းမွန်မှုနှင့် စည်းလုံးညီညွတ်မှုကြောင့် ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

## ပါဝင်ကစား

အူလ်ဆန်တက္ကသိုလ်အသင်းကို အနိုင်ရရှိသွားသော ကမ္ဘောဇအသင်းတွင် **(ဂိုး)** မျိုးလွင်ဦး၊ **(နောက်တန်း)** ဟန်ဝင်းအောင် (အသင်းခေါင်းဆောင်)၊ အောင်ကျော်ဦး၊ အေးဆန်း၊ ဥက္ကာလွင်၊ **(အလယ်တန်း)** နေဝင်း(ထွန်းထွန်း

**ခဲ့ကြကြောင်း၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ယနေ့ပွဲအနိုင်ရပါက ငွေကျပ်၂၅သိန်း ဆုချီးမြှင့်မည်ဟု ပြောကြားခဲ့သည့်အတိုင်း ဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရမည့် မိမိတို့အသင်းအတွက် ယခုအနိုင်ရရှိမှုမှာ တွန်းအားတစ်ရပ်ပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

## စုစုစည်းစည်း ကစား

ကမ္ဘောဇအသင်းနည်းပြ ဦးသန်းထိုက်ကလည်း **"ပထမပိုင်း၌ အူလ်ဆန်အသင်းသည် တစ်ဖက်အသင်းကို အထင်သေးစိတ်ဖြင့်ကစားနေကြောင်း၊ အမာခံကစားသမားများကို အနားပေးထားပြီး ပထမပွဲလောက် အင်တိုက်အားတိုက်ကစားခြင်း မရှိကြောင်း၊ သို့သော်လည်း မိမိတို့အသင်းက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက် ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေးအတွက် ခြေကုန်ထုတ်ကစားသွားကြောင်း၊ မိမိတို့အသင်းက အူလ်ဆန်အသင်း၏ တိုက်စစ်ကို ဖြတ်တောက်ရာ၌ ကွင်းလယ်မှ ဆီးကြိုပိတ်ဆို့ကစား၍ သူတို့ထင်သလိုဖြစ်မလာခဲ့ကြောင်း၊ မိမိတို့အသင်းကလည်း တစ်ဖက်အသင်းက တင်ကစားလာချိန်တွင် အချိတ်အဆက်မိမိ စုစုစည်းစည်း ကစားနိုင်ခဲ့၍ အနိုင်ရရှိခြင်းဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

## တတိယပွဲစဉ်

**ဖေဖော်ဝါရီ၃ ရက်(တနင်္ဂနွေနေ့) ညနေ၃နာရီခွဲ** တွင် ရန်ကုန်မြို့ လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ တတိယပွဲစဉ်အဖြစ် အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ ၁ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အား တရုတ်ရိုးရာ နွေဦးပွဲတော် ဧည့်ခံပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Guan Mu ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ❒ ရှေ့ဖုံးမှ

ယင်းနောက် စံပြကျေးရွာ အင်္ဂါရပ်များနှင့်အညီ စံပြကျေးရွာရှိ မြကြည်သာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ မူကြိုကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် မြကြည်သာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြပြီး စာကြည့်တိုက်၊ မူကြိုကျောင်းနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သုံးခွမြို့နယ် ကဒပ္ပနချောင်း ကဒပ္ပနစံပြကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)က အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကဒပ္ပနရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်းစက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### ကာကွယ်နိုင်

အဆိုပါ ကဒပ္ပန ရေထိန်းတံခါးမှာ သံကူကွန်ကရစ် ရေထိန်းတံခါး အမျိုးအစားဖြစ်ပြီး ရေထိန်းတံခါး အရွယ်အစားမှာ (၆ X ၁၆)ပေ ၂၇ ပေါက်ဖြစ်သည်။ ရေခေါ်မြောင်းမကြီး ပေ ၂၀၀၀၊ ရေထုတ်မြောင်းမကြီး ပေ ၁၀၀၀ ဖြစ်ပြီး ဧက ၁၅၀၀၀ကို အကျိုးပြုနိုင်ကြောင်း သိရသည်။ အဆိုပါ စီမံကိန်းပြီးစီးပါက သန်လျင်မြို့နယ် အရှေ့မြောက်ပိုင်းရှိ လယ်မြေများကို မိုးတွင်းကာလရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်ပြီး နွေရာသီတွင် ရေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

# ဓမ္မစေတီဆရာတော်၏ အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ထေရဝါဒဓမ္မသဘင်ပွဲကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂ ရက်တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ (သာသနတက္ကသီလ မဟာဓမ္မာစရိယ၊ M.A Buddhism) က ညစဉ် ၇ နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။** (သတင်းစဉ်)

## ✻ ရှေ့ဖုံးမှ

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါန်းဇွန်မြို့နယ် ငါန်းမြာကြီးတိုက်နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာမြတ်မိုးဆန်းနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ငါန်းဇွန်မြို့နယ် ငါန်းမြာကြီးအုပ်စု ခြံစည်းရိုးကြက်ဆူစိုက်ခင်း(၁)ရှိ ခြံစည်းရိုးကြက်ဆူအပင်ပေါင်း ၂၅၀၀ စိုက်ပျိုးထားရှိမှုနှင့် ငါန်းမြာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းအဆင့်(၂)တွင် ရေတင်အဆင့်(၂)မှ ပင်မမြောင်းအတွင်းသို့ ရေသွင်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

### စိတ်ကြိုက်စိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ငါန်းဇွန်မြို့နယ် ရွာသစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား မြစ်ရေတင်ရေသောက်ဧရိယာအားလုံး၌ မိုးစပါးတစ်သီးစိုက်ပျိုးကြပြီး ကျန်ရာသီများတွင် စိတ်ကြိုက်သီးနှံများကို စိုက်ပျိုးသွားကြရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးသည်။

### မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်တစ်လုံး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး ဆက်လက်၍ တောင်သူဦးလှဆွေ၏ ၁ ဒသမ ၂၄ ဧကအတွင်း ကုလားပဲနှင့် နေကြာသီးညှပ်စိုက်ပျိုးထားရှိမှု စံပြကွက်ကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၅)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ် (၁၀၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ မဂ္ဂဇင်းတွင် မြင်းမူမောင်နိုင်မိုး၊ မောင်နှစ်သိမ့်(တောင်ကုတ်)၊ မောင်တင့်လွင်(ပေါက်)၊ ညီသစ်ဆင်း(ညောင်ဦး)၊ ပုဂံမွေးကြည်၊ ရွှေမြိုင်ပြုံးလဲ့မော်၊ အောင်ထွန်းလင်း(ချောက်)၊ ခမ်းစုဝင်းကြည်(သီပေါ)၊ ဘွင်းဘွင်း၊ သာကီဟိန်း(တကောင်း)၊ ညောင်ရွှေခင်မောင်မြ၊ မင်းနီခိုင်(မောင်တော)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ လှိုင်မြင့်ဦး၊ မင်းသန်းမင်း(မင်းကင်း)၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်မောင်မောင်လှိုင်၊ ဒေါက်တာလှဖေ၊ စစ်ကိုင်းစိမ်းစိမ်း၊ ဦးစံတင်အောင်(ရွှေဘို)၊ မောင်ဝင်းရည်၊ မြင်းမူဦးအောင်မြင့်သိမ်း၊ ဦးကျော်စိန်(မန္တလေး)၊ နေမျိုးသန့်၊ မောင်ရိုးဂုဏ်၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ တက္ကသိုလ်စိုးယဉ်တို့၏ဆောင်းပါးများ၊ ဘာမထီခင်အောင်၊ မြမဉ္ဇူဝေ(ကျုံမငေး)၊ မင်းသျှင်အောင်(တွံတေး)၊ မောင်လှိုင်းသစ် (ချစ်စရာမြေ)၊ ထွေးကြည်(သလ္လာဝတီ)၊ ရဲရင့်သီဟ၊ တက္ကသိုလ်မောင်သုလှိုင်တို့၏ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စာပေအလင်း စာပေသတင်းကဏ္ဍ၊ စာအုပ်စဉ်ကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်ကဏ္ဍ၊ ကာတွန်းများအပြင်၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်များ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရုပ်များဖြင့် သုတ ရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း–၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

● **ကျောဖုံးမှ**

ထို့ကြောင့် တရုတ်၊ အင်ဒိုနီးရှားနှင့်ထိုင်းနိုင်ငံတို့တွင် မကြာမီက ကျင်းပခဲ့သော ရာသီဥတုဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် တွေ့ဆုံကာ ရာသီဥတုဆိုင်ရာ ဆောင်ရွက်မှုများကို မြန်မာ့အလင်းက သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

**"ညှိနှိုင်းမှု၊ ဆွေးနွေးမှုတွေ အများကြီး ပြုလုပ်ခဲ့ကြရတယ်"**
ဦးထွန်းလွင်
ညွှန်ကြားရေးမှူးချုပ်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

**ရက်တိုးကျင်းပ**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော ရာသီဥတုဆိုင်ရာ အစည်းအဝေးနှင့် ပတ်သက်ပြီး မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က **"ဘာလီကျွန်းမှာ ဇန်နဝါရီ ၄ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့တဲ့ အစည်းအဝေးကတော့ (၁၄)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂရဲ့ ရာသီဥတုဆိုင်ရာ ပြောင်းလဲခြင်းညီလာခံ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ စတုတ္ထအကြိမ်မြောက် အစီရင်ခံစာကို အတည်ပြုပေးကြတယ်။ ကျိုတိုပရိုတိုကောကို ဆက်လက်ဆောင်ရွက်ကြဖို့နဲ့ ၂၀၁၂ ခုနှစ် နောက်ပိုင်းမှာ ဘာတွေဆက်လုပ်ကြမလဲ ဆိုတာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ညှိနှိုင်းမှု၊ အပေးအယူပြုလုပ်မှုနဲ့ အချေအတင်ဆွေးနွေးမှုတွေကြောင့် အစည်းအဝေးကို နောက်ထပ်တစ်ရက် တိုးပြီး ကျင်းပခဲ့ရပါတယ်"**လို့ မြန်မာ့အလင်းသတင်းအဖွဲ့ကို ရှင်းပြသည်။

ကျိုတိုပရိုတိုကောအရ ၁၉၉၀ ပြည့်နှစ်က ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ပမာဏကို အခြေခံကာ ၂၀၁၂ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းနှင့် ၂၀၅၀ ပြည့်နှစ်၌ ၅၀ ရာခိုင်နှုန်း လျှော့ချဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချခြင်းကို ၂၀၀၉ ခုနှစ်မှ စတင်ဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေစီမံနေထိုင်ရေးများကိုလည်း ဆွေးနွေးခဲ့ကြသည်။

**မြေငလျင်တိုင်းစခန်း**

တရုတ်နိုင်ငံ ပေကျင်းမြို့မှာ ပြုလုပ်ခဲ့သည့် အစည်းအဝေးနှင့် ပတ်သက်၍ ဆက်လက်မေးမြန်းရာ **"ဇန်နဝါရီ ၆ရက်မှ ၁၇ရက်အထိပြုလုပ်တဲ့ အစည်းအဝေးကတော့ တရုတ်မြေငလျင်အုပ်ချုပ်ရေးအဖွဲ့နဲ့ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒတို့ သဘောတူလက်မှတ်ရေးထိုးထားကြတဲ့ မြန်မာနိုင်ငံမှာ မြေငလျင်တိုင်းစခန်းနှစ်ခု တည်ဆောက်ဖို့ ကိစ္စဆွေးနွေးခြင်းပါပဲ၊ အချိန်နဲ့တစ်ပြေးညီ သတင်းပို့စနစ်ပါရှိတဲ့ ကိန်းဂဏန်းပြ မြေငလျင်စခန်းနှစ်ခုကို တရုတ်အကူအညီနဲ့ တည်ဆောက်တော့မှာ ဖြစ်ပါတယ်။ ဒီမြေငလျင် စခန်းနှစ်ခုကို မြစ်ကြီးနားနဲ့ နမ့်စန်မြို့တွေမှာ တည်ဆောက်ပေးမှာ ဖြစ်ပြီး တည်ဆောက်ဖို့ စာချုပ်ကို အခုဖေဖော်ဝါရီလမှ လက်မှတ်ရေးထိုးပါမယ်၊ တည်ဆောက်မှုလုပ်ငန်းကို ဧပြီလမှာ စတင်မှာဖြစ်ပြီး လာမယ့် ဇွန်လမှာတော့ ငလျင်တိုင်းစက် အပါအဝင် ကိရိယာတွေ တပ်ဆင်ပါမယ်၊ နိုဝင်ဘာလမှာ လွှဲပြောင်းပေး မှာဖြစ်ပါတယ်"**ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့အပြင် တရုတ်မြေငလျင်အုပ်ချုပ်ရေးအဖွဲ့အကူအညီနှင့် ရန်ကုန်မြို့ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၌ သတင်းတိုပို့စနစ်ကို တပ်ဆင်ပေးနိုင်ခဲ့ပြီဖြစ်ရာ ရေကြီးမှု၊ ငလျင်လှုပ်မှု၊ ဆူနာမီစသည့်သတင်းများကို တယ်လီဖုန်းပေါင်းများစွာကို အချိန်တိုတွင်း တစ်ပြိုင်နက်တည်း သတင်းပေးပို့နိုင်မည်ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ နောက်ထပ် အစည်းအဝေးတစ်ခု တက်ရောက်ခဲ့ရမှုနှင့်ပတ်သက်၍လည်း ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က **"ဒီအစည်းအဝေးမှာ တရုတ်မိုးလေဝသ အုပ်ချုပ်ရေးအဖွဲ့၊ တရုတ်မြေငလျင် အုပ်ချုပ်ရေးအဖွဲ့တို့နဲ့ ဆွေးနွေးခဲ့တာဖြစ်ပြီး အာရှဒေသသဘာဝဘေး ကြိုတင်ပြင်ဆင်ရေး ဗဟိုဌာနအဖွဲ့ဝင်နိုင်ငံတွေ အနေနဲ့ အကူအညီရရှိရေး၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာတည်ရှိတဲ့ အာရှဒေသ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး ဗဟိုဌာနမှာ တရုတ်ပညာရှင်တွေ လာရောက်သင်တန်းပို့ချရေး၊ အဖွဲ့ဝင်နိုင်ငံများမှ သင်တန်းသားများ တက်ရောက်ရေး၊ ဒေသတွင်း ရာသီဥတု ခန့်မှန်းချက်များ နိုင်ငံအလိုက် ပေးဝေနိုင်အောင် ပူးပေါင်းဆောင်ရွက်ရေးတွေကို ဆွေးနွေးခဲ့ကြပါတယ်"** ဟု ဆက်လက် ရှင်းပြသည်။

**တစ်ပြိုင်တည်း သတင်းပေးပို့နိုင်**

ထို့အပြင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇန်နဝါရီ ၂၂ရက်နှင့် ၂၅ရက်များ၌ကျင်းပခဲ့သည့် အစည်းအဝေးတွင်လည်း ဆူနာမီ သတိပေးမှုစနစ်နှင့် ပတ်သက်ပြီး နိုင်ငံများအလိုက် ဆောင်ရွက်မှု၊ အိန္ဒိယသမုဒ္ဒရာအတွင်း ဆူနာမီဆိုင်ရာ သုတေသနပြု တွေ့ရှိချက်များ၊ ဆူနာမီ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ မြေငလျင်ပညာရပ်ဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်ပြဆွေးနွေး**

ရာသီဥတုဆိုင်ရာ နိုင်ငံတကာ အစည်းအဝေးများ ယခုကဲ့သို့ တက်ရောက်ခဲ့ရာ၌ မြန်မာနိုင်ငံ၏ ရာသီဥတုဆိုင်ရာ လက်ရှိဆောင်ရွက်နေမှုများ၊ လိုအပ်နေမှုများ၊ ပူးပေါင်းဆောင်ရွက်နေမှုများ တင်ပြဆွေးနွေးနိုင်ခဲ့သလို ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုများကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေမှုများလည်း တင်ပြနိုင်ခဲ့သည်။ ထို့ကြောင့် အနာဂတ်ကာလတွင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းလုပ်ကိုင်နိုင်မည့် အခွင့်အရေးများလည်း ရရှိခဲ့ကြောင်း သိရသည်။

**ထပ်မံရွေးချယ်**

တစ်ဖန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အာရှဒေသ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးဗဟိုဌာနဦးဆောင်ကော်မတီ၌ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်အား ၂၀၀၈ခုနှစ်မှ ၂၀၀၉ခုနှစ်အထိသက်တမ်းကာလအတွက် ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်တာဝန်ပေးခြင်းခံရကြောင်း သိရသည်။ ॥ **(မြန်မာ့အလင်း)**

**တရုတ်နိုင်ငံ ပေကျင်းမြို့၌ တရုတ်မြေငလျင် အုပ်ချုပ်ရေးအဖွဲ့နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ ဤသို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



# ဘက်လိုက်စွက်ဖက်မှုနှင့် စေတနာမမှန်သည့်လုပ်ရပ်များ နိုင်ငံတော်သစ်တည်ဆောက်ရေး အဟန့်အတားများဖြစ် စွန့်လွှတ်စွန့်စားသောစိတ်ဖြင့် ပြည်သူများနှင့်လက်တွဲတားဆီး

ရန်ကုန် ဖေဖော်ဝါရီ ၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် ကြီးကြပ်သူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ပြည်သူများ လိုလားတောင့်တနေကြသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များသည် နိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများနှင့် လက်တွဲဆောင်ရွက်ကြရန် ကိုယ်တိုင်ဆန္ဒပြုဝင်ရောက်လာကြသူများ ဖြစ်ကြကြောင်း၊ သက်တမ်း ၁၄နှစ်ကျော် ကာလအတွင်း ပြည်သူများထဲက ပြည်သူများဖြစ်ကြသော အသင်းဝင်များသည် အသင်းကြီးက ချမှတ်ထားသည့်အခြေခံမူနှင့် ရေ့လုပ်ငန်းစဉ်များအတိုင်း ပြည်သူများအတွက် ချမှတ်ထားသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

သင်တန်း တက်ရောက်လာကြသူများသည် အသင်းအဆင့်ဆင့်နှင့် ဌာနများ၌ ဦးဆောင်ဦးရွက်ပြုနေကြသူများဖြစ်ကြကြောင်း၊လက်တွေ့နယ်ပယ်တွင် အတွေ့အကြုံရှိကြသူများဖြစ်ကြသည့်အတိုင်း သင်တန်းက ဆွေးနွေးပို့ချမှုများအပေါ် မိမိတို့၏ အတွေ့အကြုံနှင့် ပေါင်းစပ်ပြီး အကျိုးရှိအောင် ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ရောက်ရာ ဒေသအတွင်း အသင်းဝင်များနှင့် ပြည်သူများကို အတွေးအခေါ် ညီညွတ်မှု၊ စိတ်ဓာတ်ရေးရာညီညွတ်မှုနှင့် အလုပ်ညီညွတ်မှုရရှိစေရန် ကြိုးပမ်းပြီး ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရေးကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

**လက်တွဲတားဆီး**

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ အမျိုးသားအကျိုးစီးပွားအတွက် မိမိတို့နှင့် ကိုက်ညီသော မူဝါဒ၊ လမ်းစဉ်တို့ ချမှတ်ပြီး အကောင်အထည်ဖော်ကြစမြဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်းသမိုင်းတစ်လျှောက် ဖြတ်သန်းလာသည့် အတွေ့အကြုံနှင့် ပကတိဖြစ်ပေါ်မှုများအရ မိမိနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိသည့် မူဝါဒ လမ်းစဉ်များဖြင့် ချမှတ်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအား မြန်မာနိုင်ငံသားများကသာ အချစ်ဆုံးဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကိုလည်း မြန်မာနိုင်ငံသားများကသာ အသိဆုံးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ပကတိတိုးတက်ပြောင်းလဲမှုများကို မျက်ကွယ်ပြုပြီး လိုရာဆွဲကာ တွေးခေါ်လုပ်ဆောင်နေမှုများ၊ မီဒီယာအသာစီးရမှုအပေါ် အခွင့်အရေးယူပြီး ပြည်တွင်းရေးကို ဒေသအရေး၊ ကမ္ဘာ့အရေးဖြစ်အောင် ကြိုးပမ်းနေမှုများသည်လည်း အကျိုးမဲ့သည့် လုပ်ရပ်များသာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အရေးအရာကိစ္စများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ဖြေရှင်းနိုင်သော ပြည်တွင်းရေးများသာ ဖြစ်သည်ဟု ခံယူထားပြီး ဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် မှန်ကန်သည့် စေတနာနှင့် အပြုသဘောဆောင်သော လုပ်ဆောင်မှုများကို လက်ကမ်းကြိုဆိုမည်ဖြစ်ကြောင်း၊ ဘက်လိုက်စွက်ဖက်မှုများနှင့် စေတနာမမှန်သည့် အဖျက်လုပ်ရပ်များသည် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အဟန့်အတားများဖြစ်သည်ဟု ခံယူပြီး ပြည်သူများနှင့် လက်တွဲတားဆီးသွားမည်ဖြစ်ကြောင်း၊ အခြေအနေမှန်များကိုလည်း ပြည်သူများ သိအောင် ရှင်းလင်းအသိပေးသွားကြရေးကိုလည်း မှာကြားလိုကြောင်း၊ အသင်းဝင်များအနေနှင့် ပြောင်းလဲဖြစ်ပေါ်နေမှု အခြေအနေများကို မှန်ကန်စွာရှုမြင်သုံးသပ် ပြီး၊ မိမိရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီး၌ မှန်ကန်သောအသိ၊ မပြတ်သောသတိ၊ စွန့်လွှတ်စွန့်စားရဲသောသတ္တိစိတ်ဓာတ်ဖြင့် တိုးမြှင့်ဆောင်ရွက်သွားကြရေးကိုလည်းတိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- အနာဂတ်နိုင်ငံတော်သစ်ကြီး ပုံဖော်တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အခါကောင်းနှင့် ကြုံကြိုက်နေခြင်းဖြစ်သည့်အတွက် ချမှတ်ထားသော မူဝါဒ လမ်းစဉ်များအတိုင်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။
- အသင်းဝင်များအနေဖြင့် အမျိုးသားရေးတာဝန်၏အရေးပါမှုကို သိရှိနားလည်ပြီး ယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာစွာဖြင့် ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။
- နိုင်ငံတော်သစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။
- နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အဖျက်လုပ်ရပ်များနှင့် ဘက်လိုက် စွက်ဖက်မှုများအား စွန့်လွှတ်စွန့်စားသော သတ္တိစိတ်ဖြင့် ပြည်သူများနှင့် လက်တွဲပြီး ဝိုင်းဝန်းကာကွယ်တားဆီးသွားကြပါ။
- အသင်းကြီးကနိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်နိုင်စေရန် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း အောင်မြင်အောင် တိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန်

ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့သင်တန်းသား သင်တန်းသူ ၁၀၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

# အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုနှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မီးတိုင်တောကျေးရွာနေ ဦးကျော်လှိုင်၏သမီး ဒေါ်ဂွမ်း အသက်(၅၂)နှစ်သည် ရွာအရှေ့ဘက်နှစ်မိုင်ခန့်ရှိ စိမ့်တောကြီး ကင်ပွန်းချောင်းဖျားအနောက်တွင် အင်ဖက်ကောက်စဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲ၍ ဒေါ်ဂွမ်း၏ ဝဲဘက်ခြေချင်းဝတ်ပြတ်၍ ယာဘက်လက်ဖျံတွင် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

**ဒဏ်ရာရ**

အလားတူ ယင်းနေ့နံနက် ၉နာရီ မိနစ်၄၀တွင် ကင်ပွန်းချောင်းဖျားအရှေ့၌ အင်ဖက်ကောက်နေသူ ဦးအောင်သိန်း၏သား ဦးမင်းထွန်း အသက်(၃၂)နှစ်သည် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲရာ ဦးမင်းထွန်း၏ ဝဲဘက်ခြေချင်းဝတ်ပြတ်၍ ယာဘက်လက်ဖျံတွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် ဒေါ်ဂွမ်းနှင့် ဦးမင်းထွန်းတို့နှစ်ဦးအား မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့်လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေတြိဂံဒေသ ခြေချခဲ့ခဏတာ(၂)

**ရတနာစည်ဆရာတော်** (လွိုင်လင်)

ယနေ့သော်ကား နာမည်ကျော် ရွှေတြိဂံဒေသသို့ လေ့လာရေးခရီး သွားရောက်ကြရာ ယင်းဒေသသည် မြန်မာ၊ ထိုင်းနှင့် လာအို သုံးနိုင်ငံ နယ်စပ်ဖြစ်၍ အေးချမ်းသာယာသော ဒေသဖြစ်လျက်ရှိနေကြောင်း တွေ့မြင်ရပါသည်။

ဤအရှင်တို့သည် တာချီလိတ်မြို့နှင့် မျက်နှာချင်းဆိုင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် ရွှေတြိဂံဒေသသို့ သွားရောက်ကြခြင်းဖြစ်ရာ ပထမဦးစွာ မယ်ဆိုင်မြို့ရှိ ဦးအောင်ဇေယျဘုရားဟု လူသိများသော တောင်ပေါ်စေတီတော်ကို စတင်ဖူးမြော်ကြပါသည်။ ယင်းစေတီတော်ကို နှစ်နိုင်ငံအစိုးရ သဘောတူညီချက်အရ မြန်မာနိုင်ငံ တပ်မတော်အစိုးရက ပြန်လည်မွမ်းမံထားခြင်းဖြစ်ပြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူထားသည်ကို ဖူးမြော်ရပါသည်။

စေတီတော် အထက်ပစ္စယာ၌ မန္တလေးမြို့မှ ပင့်ဆောင်လာသည့် စကျင်ကျောက်သား ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြင်ရသည့် တစ်ခဏဝယ် "အနေကဇာတင်ကြရအောင်"ဟူ၍ **ဤအရှင်တို့လေးပါးလုံး တစ်သံတည်း ထွက်လာကြရသည်မှာ ထူးခြားချက်ဖြစ်ပါ၏။ ထို့ကြောင့် ဗုဒ္ဓရုပ်ပွားတော်များ ရှေ့မှောက်မှာ မိုင်းပွန်ဥယျာဉ်ကျောင်းဆရာတော်၊ ဃောသိကာရုံကျောင်းဆရာတော်၊ ကလောင်ရှင်ရတနကုံရ (ရတနာစည်လွိုင်လင်)**တို့နှင့်အတူ ဤအရှင်တို့ လေးပါးလုံး အနေကဇာတိ သံသာရံအစချီ ဗုဒ္ဓါဘိသေက မင်္ဂလာဂါထာတော်များ ရွတ်ပွားသရဇ္ဈာယ်၊ ရင်ဝယ်ပီတိ လှိုင်းအိအိတို့ဖြင့် အတိုင်းမသိ စကြဝဠာသောင်စပ် ရိုက်ခတ်လိုက်နိုင်ခြင်းအတွက် တစ်သက်မေ့မရသည့် ကုသလတမ္ပပထတရားအဖြစ် အစဉ်သစ်လွင်နေပေတော့မည်။

ထိုမှ အခြားလေ့လာသင့်သည့် အရာများကိုလေ့လာပြီး ဆက်လက်သွားရောက်သောနေရာမှာ ရွှေတြိဂံဒေသ သုံးနိုင်ငံနယ်စပ်ဖြစ်ပါ၏။ တစ်ချိန်က ဒုစရိုက် ဒုရာဇိဝနယ်မြေ ဖြစ်သော်ငြား ယနေ့သော် သုံးနိုင်ငံ အစိုးရတို့ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် အေးချမ်းသာယာသော နယ်မြေ၊ ရှင်လန်းကြည်သာသော နယ်မြေအဖြစ် ထွန်းသစ်လာလျက်ရှိနေပေပြီ။

ထူးခြားချက်တစ်ရပ်မှာ မဲခေါင်မြစ်၏ သည်ဘက်ကုန်းမြင့်ပေါ်ဝယ် စံပယ်တော်မူလျက်ရှိသော ရုပ်ပွားတော်ပင်ဖြစ်၏။ လှေကားထစ် ကိုးထစ်တက်ပြီး အညောင်းပြေ မြေတစ်ပြန့်လျှောက်ကာ နောက်ထပ်လှေကားထစ် ကိုးထစ်တက်လိုက်လျှင် ကုန်းမြင့်ပေါ်ရောက်၍ ယင်းကုန်းမြင့် ရင်ပြင်တော် အလယ်ရှိ ပစ္စယာပေါ်ဝယ် စံပယ်လျက်ရှိသော ဉာဏ်တော်အမြင့်ပေ ၂၀ ကျော် ထိုင်တော်မူ ရုပ်ပွားတော်အား လုံးတော်ပြည့် ရွှေရည်သင်္ကန်း ကပ်လှူထားသဖြင့် အဝေးမှပင် ဖူးမြင်နိုင်ပါသည်။

ဤနေရာသို့ ဘုရားဖူး ဗုဒ္ဓဘာသာဝင်များသာမက ကမ္ဘာလှည့်ခရီးသည်များပါ လာရောက်ကြသဖြင့် စည်ကားလျက်ရှိ၏။ ဘာသာရေး အထိမ်းအမှတ် ပစ္စည်းများ အပါအဝင် ပစ္စည်းမျိုးစုံရောင်းသော ဈေးတန်းလည်းရှိသဖြင့် ဈေးဝယ်သူများ စည်ကားလျက်ရှိ၏။ လဲလျောင်းနေသော မဲခေါင်မြစ်၊ ထွန်းသစ်နေသော ငွေသောင်ယံ၊ မြရည်လျှံသော တောစိမ်းစိမ်းတို့ကလည်း သဘာဝပန်းချီဖြစ်လျက်ရှိ၏။

**တစ်ချိန်က ဘိန်း၊ ဘိန်းဖြူနှင့် မူးယစ်ဆေးဝါးတို့ကို အကြောင်းပြုကာ အဓမ္မစီးပွားရှာရာမှ လောဘကြောင့် ဒေါသထန် ကျည်သံ၊ ဗုံးသံညံမဆိတ် သွေးမတိတ် နယ်မြေအဖြစ် အဓမ္မသမားတို့က ဖန်တီးခဲ့ကြသလို ယနေ့သော်မူ ပြုံးပျော်စရာစခန်း၊ အေးချမ်းရာနယ်ခွင်၊ ကြည်လင်သောဒေသအဖြစ် လောကကို အလှဆင်သူ ဓမ္မသမားတို့က အင်အားပြည့် ပြုပြင်တည်ဆောက်ထားနိုင်လေပြီ။**

ရွှေတြိဂံဒေသ၏ အေးချမ်းခြင်းရသကို ယူဆောင်လာခဲ့ပြီး အပြန်ခရီးဝယ် တာချီလိတ်မြို့ တည်းခိုကျောင်း၌ ဒါယကာ ဗိုလ်မှူးကြီးမြင့်ဟန်က အသင့်စောင့်ကြိုနေသဖြင့် ခရီးတစ်လျှောက် အဆင်ပြေကြောင်းနှင့် မိုင်းလားဘက်သို့ လေ့လာလိုပါကြောင်း ပြောကြားရာ ဒါယကာကြီး၏ စီစဉ်ပေးမှုဖြင့် တာချီလိတ်မှ ကျိုင်းတုံ၊ ကျိုင်းတုံမှ မိုင်းလားသို့ စိတ်ဝင်တစား ခရီးဆက်နိုင်ခဲ့ပါသည်။

မိုင်းလားဒေသကို အထူးထက်အထူး စိတ်ဝင်တစားရှိနေရခြင်း၏ အကြောင်းရင်းကတော့ ယင်းဒေသကို မူးယစ်ဆေးဝါးလုံးဝပပျောက်သည့် ဒေသ၊ မူးယစ်ဆေးဝါးမဲ့ဇုန်အဖြစ် ၁၉၉၇ခုနှစ် ဧပြီလ ၂၂ရက်နေ့တွင် ကမ္ဘာသိကြေညာနိုင်ခဲ့ခြင်းကို အကြောင်းပြုကာ ထိုဒေသတစ်ခွင် မျက်မြင်ကိုယ်တွေ့ မြင်တွေ့လိုသောကြောင့်ဖြစ်၏။

ယခုကော သူတို့တစ်တွေ ဘာတွေလုပ်နေကြသလဲ၊ ဘိန်းအစားထိုး သီးနှံတွေ ဘယ်မျှဖြစ်ထွန်းနေသလဲ၊မူးယစ်ဆေးဝါး လုံးဝကင်းစင်သွားခြင်းက ဒေသခံတွေအပေါ် ဘယ်မျှကောင်းကျိုးပြုနေပါသလဲ။

ကျိုင်းတုံနှင့်မိုင်းလား မိုင်ငါးဆယ်ခရီးတစ်ဝက်ခန့်မှာ တောထဲတောင်ထဲ လျှိုမြောင်ထဲဟု ဆိုနိုင်ပြီး ကျန်ခရီးတစ်ဝက်ကျော်ရောက်မှ ရွာမြင် လူမြင် လယ်ယာမြင်ဟု ဆိုရမည်ဖြစ်၏။ အိမ်များမှာ ယေဘုယျအားဖြင့် မီးမဖုတ်သည့် မြေအုတ်များကို မြေစေးသရိုးကိုင် တည်ဆောက်ပြီး အုတ်ကြွပ်မိုးထားသော အိမ်များဖြစ်ကာ ဝတ်ဆင်မှုမှာမူ ရှမ်းပြည်နယ်(မြောက်ပိုင်း) 'ဝ'နယ်သားတို့၏ အဝတ်အဆင်မျိုးဖြစ်ပေ၏။

ဤမြေတစ်ကြောဝယ် အံ့သြရသည့် မြင်ကွင်းကတော့ 'ကောက်ရိုးစံအိမ်'လေးများကို ကျေးရွာတိုင်း၊ လယ်ကွင်းတိုင်းမှာ အစီအရီ မြင်တွေ့ရခြင်းဖြစ်၏။ ခြေတံရှည် လယ်စောင့်တဲ ပုံစံမျိုးဖြစ်သော်လည်း ဤဒေသ၌မူ လူမနေဘဲ ကောက်လှိုင်းတွေကို အထပ်လိုက်စံထား၏။ ထို့ကြောင့် ကောက်ရိုးစံအိမ်ဟု သုံးနှုန်းလိုက်ခြင်းဖြစ်ပါသည်။

၁၅ပေခန့်အမြင့်ရှိ ဝါးလေးလုံး(သို့မဟုတ်)သစ်တိုင်လေးလုံးကို အကွာအဝေးညီစွာ လေးစင်တိုင်စိုက်ပြီး လူတစ်ရပ်အကျော်လောက်ဝယ် ဝါးလုံးများကိုစီခင်း၍ ကောက်လှိုင်းများကို စနစ်တကျ အထပ်လိုက်တင်ထားကာ ခေါင်နှစ်ဖက်ချ သက်ငယ်မိုးထားသည့် အဆောင်လေးများဖြစ်ရာ လယ်ကွင်းထဲ၌ မနီးမဝေး အစီအရီဆောက်လုပ်ထားပုံမှာ ပန်းချီဆန်လွန်းနေပါသည်။ အကယ်၍သာ ခရီးသွားသော ရုပ်ရှင်သရုပ်ဆောင် လွင်မိုး ဤဒေသရောက်ရှိလာပြီး အလျှားလိုက် တစ်မျှော်တစ်ခေါ် တည်ရှိနေသည့် လယ်ကွင်းပြင်ထဲမှာ အမြင်ဆန်းသော ကောက်ရိုးစံအိမ်လေးများကို နောက်ခံတောင်တန်းလှလှများနှင့် ရိုက်ချက်ကောင်းကောင်း ရိုက်ကူးထုတ်လွှင့်နိုင်လျှင် ချင်းပြည်နယ်သို့သွားသော လွင်မိုးနှင့်မခြားပြည်သူအများ စိတ်ဝင်စားကြလိမ့်မည်ဟုပင် အတွေးဝင်မိပါသည်။

ကောက်ရိုးကောက်လှိုင်းများကို မြေပေါ်စုပုံမထားဘဲ ခေါင်နှစ်ဖက်ချ လေးစင်တိုင်ပေါ်မှာ စနစ်တကျ သိမ်းဆည်းထားခြင်းဖြင့် ကောက်ရိုး၏ အရောင်အသွေးကို ထိန်းထားနိုင်ပြီး ကျွဲနွားများအတွက် အာဟာရတန်ဖိုး မလျော့စေဘဲ ကျွေးနိုင်ခြင်း၊ ကောက်ရိုးမြေသြဇာပြုလုပ်ပြီး အပင်များကို ကျွေးရာ၌ အနည်းငယ်မျှဖြင့် ထိရောက်ခြင်း၊ မြွေစသော သတ္တဝါများ မခိုမအောင်းနိုင်ခြင်း၊ အလွယ်တကူ မီးမလောင်နိုင်ခြင်း စသော အကျိုးသက်ရောက်မှုများ ရရှိပါကြောင်း သိရှိရပါသည်။

**သို့ဖြင့် ခရီးအစကတည်းက စိတ်ဝင်စားဖွယ်တွေချည်း ဖြစ်ခဲ့သလို ခရီးတစ်လျှောက် စိတ်ဝင်စားဖွယ်တွေချည်း လေ့လာမကုန် ရှိဘိ၏။ လမ်းဝဲယာတို့၌ မြေပြန့်ဟူသ၍ လယ်ကွက်များချည်း ဖြစ်သလို တောင်တန်း၊ တောင်ကုန်းဟူသမျှကိုလည်း နှစ်ရှည်ပင်များနှင့်ချည်း သျှောင်ထုံးထား၏။ သရက်ပင်၊ ငှက်ပျောပင်စသော သီးစားပင်များအပြင် အထူးသဖြင့် ရော်ဘာစိုက်ခင်းတို့ကို တောင်လုံးပြည့် တွေ့မြင်နေရ၏။ တောင်ထိပ်မှာလည်း ရော်ဘာပင်၊ တောင်ခါးပန်းမှာလည်း ရော်ဘာပင်၊ တောင်ခြေမှာလည်း ရော်ဘာပင်၊ သည်ရွှေဖြူတွေက မိုင်းလားအတွက် ရွှေဝါ၊ ရွှေသားတွေကို အစားထိုးပေးလာလိမ့်မည်။**

တစ်ချိန်တုန်းကတော့ သည်မြေမှာ ဘိန်းပန်းတွေ လန်းဝေခဲ့လိမ့်မည်။ ၁၉၇၆ ခုနှစ်၌ တစ်ကြိမ်၊ ၂၀၀၀ ပြည့်နှစ်၌ တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ထုတ်ဝေခဲ့ရသည့် ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)ရေးသားသော "ရွှေတြိဂံမြေက ဘိန်းဖြူသံသရာ"စာအုပ်ကို ဖတ်ဖူးခဲ့ပြီးကတည်းက ယင်းဘိန်း၏ ဇာစ်မြစ်မှအစ ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းအခြေခံ မူးယစ်ဆေးဝါးတို့ကြောင့် မြန်မာအပါအဝင် အာရှသားတို့ အဘက်ဘက်၌ နွမ်းပါးနိမ့်ကျခဲ့ရပုံ၊ ခရစ်နှစ် ၁၅၀၀ ပြည့်လွန် နှစ်ပိုင်းများကတည်းက ဥရောပကုန်သည်များအနေဖြင့် ဘိန်းရှူနည်းကို အရှေ့တိုင်းသို့ သွတ်သွင်းခဲ့ကြသလို ၁၇၀၀ ပြည့်လွန်နှစ်များတွင်မူ ဗြိတိသျှအရှေ့အိန္ဒိယ ကုမ္ပဏီသည် တရုတ်ပြည်သို့ ဘိန်းများ အဓမ္မခိုးသွင်းသည့် အကြီးမားဆုံး ဘိန်းမှောင်ခိုကြီးဖြစ်လာကာ ၁၈၀၀ ပြည့်လွန်နှစ်များတွင်ကား ကိုလိုနီနိုင်ငံတိုင်း ဘိန်းခန်းများ အစီအရီ ပေါ်ပေါက်လာကြပုံတို့ကို သိရှိခဲ့ရပါသည်။

"ထို့ကြောင့် ဆယ့်ကိုးရာစု ကုန်လုနီးချိန်တွင် မြောက်ဘော်နီယိုမှ မြန်မာပြည်အထိ ကိုလိုနီအစိုးရပိုင်အတွင်းတွင် မြို့ကြီး၊ မြို့ပြငယ်များတွင် သာမက ကျေးလက်တောရွာများမှာပါ ဘိန်းခန်းများ၊ အလျှိုအလျှို ပေါ်ပေါက်လာခဲ့လေသည်။ ဘိန်းလက်ကားရောင်းဝယ်ရေးကိုမူ ကိုလိုနီအစိုးရကပင် လက်ဝါးကြီးအုပ်ထားခဲ့လေသည်။ ကိုလိုနီအစိုးရ လက်အောက်တိုင်းရင်းသားတို့မှာလည်း ဘိန်းရှူသည့် အလေ့အထကို အလွယ်တကူပင် ရခဲ့ကြရာ ယိုးဒယား၊ မြန်မာ၊ ဗီယက်နမ်၊ မလေးရှားစသည့် လူမျိုးတကာတို့သည် ကိုလိုနီအစိုးရတို့၏ ဘိန်းစားသုံးသူ ဈေးကွက်ဖြစ်လာသည်။ ဘိန်းကြောင့် တိုင်းရင်းသားတို့ ကျန်းမာရေး ချို့တဲ့လာသော်လည်း ကိုလိုနီအစိုးရအဖို့မှာ ဘိန်းကြောင့် ဝင်ငွေတိုးလာလေသည်။ ကိုလိုနီအစိုးရတို့၏ ဝင်ငွေစုစုပေါင်းအနက် လေးဆယ်ရာခိုင်နှုန်းကို ဘိန်းမှပင် ရရှိခဲ့သည်။" (စာ-၄၅)

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်၌ ဘိန်းကျွန်ဖြစ်ခဲ့ရပြီး လွတ်လပ်ရေးရလာသည့်တိုင် ဘိန်းကျွန်ဘဝမှ မလွတ်မြောက်ခဲ့သည့်ပြင် ရောင်စုံသောင်းကျန်းသူများကြောင့် ဘိန်းသံသရာလမ်း ပို၍ရှည်လျားခဲ့ရပြန်ရာ ယနေ့တပ်မတော်အစိုးရ တက်လာပြီးသည့် သည်မှာဘက်ကာလများ ရောက်မှသာ ဘိန်းသံသရာလမ်းကို လုံးဝပိတ်သိမ်းနိုင်သည့် အနေအထား ရောက်လာရသည်။

**ယင်း၏ပြယုဂ်ကား ယခု မိုင်းလားဖြစ်ပါတော့သည်။ မိုင်းလား၏ မြို့ပြဖွံ့ဖြိုးမှုကို အဝေးမှ လှမ်းမြင်လိုက်ရစဉ်ကတည်းက မိုင်းလား၏အသွင်အပြင်သည် ၂၁ရာစုအဝင်နှင့် အဆင်ပြေလိုက်လျောလွန်းသည်ဟု ခံစားရ၏။ မြို့တွင်း လှည့်လည်လေ့လာရသောအခါ၌လည်း ကျယ်ပြန့် ချောမောသော ကတ္တရာလမ်းများ၊ ခေတ်မီစွာ တည်ဆောက်ထားသော အဆောက်အအုံများ၊ စနစ်တကျ၊ အကွက်တကျရှိလှသည့် မိုင်းလားဈေး၊ ထည်ဝါခံ့ညားသည့် မူးယစ်ဆေးဝါးကင်းမဲ့ဇုန် အထိမ်းအမှတ်ပြတိုက်၊ ရေအားလျှပ်စစ်စက်ရုံ၊ သကြားချက်စက်ရုံများအပြင် ထေရဝါဒ ဗုဒ္ဓသာသနာပြယုဂ် ဒွေနဂရ စေတီတော်တို့ကို ဖူးမြော်ကြရပါသည်။**

ဒွေနဂရစေတီတော်ကို တောင်ကုန်းပြင်ပေါ်၌ တည်ထား၏။ မြန်မာမှုကြာလှန်ပန်းထောင်များဖြင့် ပန်းတင်ခုံကို အနားသပ်ထားပြီး ပန်းတင်ခုံအထက်ရှိ စေတီတော်အောက်ပစ္စယာကို ဆယ်မြှောင့်ချိုးထားကာ ဆယ်မျက်နှာလုံးမှာ ဇာတ်တော်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ပန်းချီကားကြီးများဖြင့် မွမ်းမံထား၏။ လိုဏ်စေတီဖြစ်သဖြင့် လိုဏ်အတွင်းသို့ အရပ်လေးမျက်နှာမှ ဝင်ရောက်နိုင်ပြီး လိုဏ်အလယ်မဏ္ဍိုင်ကို ဆယ်မျက်နှာချိုးကာ နှစ်မျက်နှာချန်လှပ်၍ ကျန်ရှစ်မျက်နှာကို အောင်ခြင်းရှစ်ပါး သရုပ်ဖော်ပန်းချီများဖြင့် တန်ဆာဆင်ထား၏။ ချန်လှပ်ထားသော အရှေ့နှင့်အနောက် နှစ်မျက်နှာ၌ ထိုင်တော်မူတစ်ဆူနှင့် လျောင်းတော်မူတစ်ဆူကို တည်ထားသည်။

ယင်းလိုဏ်အတွင်း၌ အလယ်ပစ္စယာနှင့် အထက်ပစ္စယာဆီသို့ တက်ရောက်နိုင်သော လှေကားများ တည်ဆောက်ထားပြီး ထိုလှေကားများဖြင့် ပစ္စယာဆီတက်ရောက်၍ ဝန်းကျင်ဒိသာ ဆယ်မျက်နှာသို့ လှည့်ပတ်ကာ ကြည့်ရှုနိုင်အောင် ထူးထူးခြားခြား တည်ထားသော စေတီဖြစ်ပါသည်။

စေတီတော်ကို ဖူးမြော်မအီရှိဘိသော်လည်း အခြားလေ့လာဖွယ်များ ရှိနေသေးသဖြင့် စေတီတော်အပါးမှ ထွက်ခွာလာခဲ့ရပြီး ယခုဦးတည်သွားနေသည်မှာ မိုင်းလားဒေသ ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်သို့ဖြစ်၏။

ပြတိုက်သို့ အသွားခရီးဝယ် မိုင်းလားဒေသနှင့် ဘိန်းအကြောင်းအရာများ ခေါင်းထဲဝင်လာလျက်ရှိ၏။ ဤဒေသသည် ၁၉၈၈ ခုနှစ်မတိုင်မီကာလများကတည်းက ဗကပတို့ကြီးစိုးရာ ဒေသဖြစ်ပြီး ဗကပမှ ခွဲထွက်လာသူ ဦးစိုင်းလင်း ခေါင်းဆောင်သည့် ဗကပ(၈၁၅) စစ်ဒေသနှင့် တပ်မဟာ(၇၆၈) တို့က "အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီ" အမည်ဖြင့် ၁၉၈၉ခုနှစ် ဇွန်လတွင် တရားဥပဒေဘောင်တွင်း ဝင်ရောက်ခဲ့ကာ အထူးဒေသ(၄)အဖြစ် တပ်မတော်အစိုးရနှင့် လက်တွဲ၍ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဘိန်းပပျောက်ရေးတို့ကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပါသည်။

ငြိမ်းချမ်းရေးရယူပြီးစ ဒေသအနေအထားမှာ ဘိန်းစိုက်သည့်ရွာ ၂၆၂ရွာရှိ၍ ဘိန်းစိုက်ဧရိယာ ၂၇၁၆ ဧကရှိပြီး တစ်နှစ်လျှင် ဘိန်းစိမ်း ၈၉၆၈ ကီလိုထွက်ရှိခဲ့၏။ အထူးဒေသ(၄)ခေါင်းဆောင် ဦးစိုင်းလင်းနှင့်အဖွဲ့သည် ၁၉၉၂ခုနှစ်မှစတင်၍ တပ်မတော်အစိုးရနှင့် UNDCP တို့၏အကူအညီကို ရယူလျက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို (၆)နှစ်စီမံကိန်း ချမှတ်ကာ တက်ကြွစွာ ဆောင်ရွက်ခဲ့လေသည်။

ပထမ(၂)နှစ် စီမံကိန်းကာလတွင် မိုင်းဟဲ၊ မိုင်းခမ်းဒေသအတွင်း ဘိန်းစိုက်မှုပပျောက်ရေး။

ဒုတိယ (၂)နှစ် စီမံကိန်းကာလတွင် မိုင်းဝ၊ ကျင်ခမ်းဒေသအတွင်း ဘိန်းစိုက်မှုပပျောက်ရေး။

တတိယ(၂)နှစ်စီမံကိန်းကာလတွင် မိုင်းလား၊ မိုင်းမ၊ဆီလူး၊ မိုင်းကွယ်၊ ဆမ်တောက်ဒေသများအတွင်း ဘိန်းစိုက်မှုပပျောက်ရေးနှင့် ဒေသတစ်ခုလုံး မူးယစ်ဆေးဝါးပပျောက်ပြီး ပြန်လည်စိုက်ပျိုးမှု မဖြစ်ပေါ်စေရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည့်အပြင် ဘိန်းအစားထိုး စီးပွားရေးလုပ်ငန်းများအဖြစ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အလေးထား လုပ်ဆောင်ခဲ့ပါသည်။

နှစ်စဉ် လယ်ယာမြေသစ်များ တိုးတက်ဖော်ထုတ်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ဝယ်ယူဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးသင်တန်းပေးခြင်း၊ ဘိန်းအစားထိုးသီးနှံများအဖြစ် ကြံ၊ဖရဲ၊ ရော်ဘာတို့ကို စိုက်ပျိုးခြင်းနှင့် ဆည်မြောင်းများ တည်ဆောက်ခြင်းတို့ကြောင့် ၁၉၉၇ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် မိုင်းလားဒေသကို မူးယစ်ဆေးဝါး လုံးဝပပျောက်သည့် ဒေသ၊ မူးယစ်ဆေးဝါး ကင်းမဲ့ဇုန်အဖြစ် ကမ္ဘာသိ ကြေညာနိုင်ခဲ့ပါသည်။

မိမိဖတ်ထား၊ မှတ်ထား၊ လေ့လာထားသည်များကိုပြန်လည်စဉ်းစားရင်း ပြတိုက်သို့ ရောက်လာသောအခါ ပြတိုက်ကြီးသည် မြန်မာမှုဗိသုကာ လက်ရာများဖြင့် ခံ့ညားထည်ဝါစွာ တည်ရှိနေကြောင်း တွေ့မြင်ရ၏။

ပြတိုက်မြေညီထပ်ရှိ ပြခန်း(၁)တွင် နိုင်ငံတော်အကြီးအကဲ၏ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာ အဆိုအမိန့်များ၊ သမိုင်းဝင်ဓာတ်ပုံ၊ ပန်းချီကားများ၊ မိုင်းလားမြို့မြေပုံတို့ကို ပြသထားပြီး ပြခန်း(၂)တွင် မြန်မာနိုင်ငံသို့ ဘိန်းစတင်ရောက်ရှိလာပုံ၊ ချက်လုပ်ပုံ၊ မြန်မာမင်းများလက်ထက် ဘိန်းတားဆီးကာကွယ်ပုံတို့ကို ရုပ်လုံး၊ ရုပ်ကြွများဖြင့် ပီပြင်စွာ ပြသထားကာ ပြခန်း(၃)တွင် တပ်မတော်အစိုးရလက်ထက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပြကွက်များ၊ မိုင်းလား၏ (၇)နှစ်တာ ဆောင်ရွက်မှု သရုပ်ဖော်ပြကွက်များ၊ ဆောက်လုပ်ရေးနှင့် စွမ်းအင်လုပ်ငန်း ပြကွက်များကို စုံလင်စွာ ပြသထားသည်။

ပထမအထပ်၌ တပ်မတော်အစိုးရနှင့် အထူးဒေသ(၄)တို့ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ဆောင်ရွက်ချက် အဖုံဖုံတို့ကို စုံစုံလင်လင် ခင်းကျင်းပြသထားပါသည်။ ဤဘိန်းပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ကြီးက မိုင်းလားသို့ အလည်အပတ်ရောက်လာကြသူ မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားများအား မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပုံများကို မှန်ကန်တိကျစွာ ထာဝရပြောကြားနေပါတော့မည်။

မိုင်းလားမှအပြန် ကျိုင်းတုံ၌ တစ်ညကျိန်းစက်ပြီးသော် နေရင်းခရီးကို ပြန်ခဲ့ကြရပါ၏။ အပြန်ခရီးဝယ် "စိတ္တေန နီယတေ လောကော- လောကကို စိတ်ကဆောင်ထား၏"ဟူသော ဘုရားဟောဒေသနာအရ လောဘ၊ ဒေါသ၊ မောဟဦးဆောင်သည့် အဓမ္မစိတ်ကြောင့် လောကသည် အကျည်းတန်လာပုံ၊ အလောဘ၊အဒေါသ၊ အမောဟ(တစ်ကိုယ်ကောင်းမဆန်ခြင်း၊ ချစ်ကြည်ခြင်း၊ အမှန်မြင်ခြင်း)ဟူသော အဓမ္မစိတ်ကြောင့် လောကသည် လှပလာပုံ၊ အဓမ္မစိတ်သည် အဖျက်သာဖြစ်၍ ဓမ္မစိတ်သည်သာ အပြုဖြစ်ပုံ၊ ဓမ္မစိတ်ကို မွေးမြူပွားစီးနိုင်မှသာ လောကကို အလှဆင်သူ မည်နိုင်ပုံ စသည်ဖြင့် အတွေးပွားနေမိပါသည်။

ယင်းနှင့်ဆက်စပ်ပြီး ရွှေတြိဂံဒေသသည် အဓမ္မကြောင့် အကျည်းတန်ကာ နာမည်ပျက်ခဲ့ရပုံ၊ ယနေ့သော် ရွှေတြိဂံဒေသအပါအဝင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တစ်ခွင်လုံး ဓမ္မစိတ်ဓာတ်များကြောင့် မြင့်မားတက်ကြွလှထက်လှလာနေပုံတို့ကိုပါ တွေးတောနေမိပါသည်။

သို့ဖြင့် ဓမ္မစိတ်ဓာတ် တဖျပ်ဖျပ်ပင် မပြတ်တောက်ပ အလင်းကြွ အလှဆင်နေကြရမည် ဖြစ်ပါသတည်း။ ။

2-2 (10) 1 2/2/08, 2:16 AM

■ *ကျောဖုံးမှ*

### စိုက်ပျိုးပြီးစီး

တနင်္သာရီတိုင်း၌ ၂၀၀၇-၂၀၀၈တွင် လယ်(မိုးစပါး၊ နွေစပါး)စုစုပေါင်း ၄၄၃၉၀၂ဧက စိုက်ပျိုးခဲ့ပြီး ပျမ်းမျှ အထွက်နှုန်း ၆၆ဒသမ၈၀တင်း ထွက်ရှိခဲ့ကြောင်း၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် မိုးစပါးဧက တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နွေစပါးကိုလည်း ၂၀၀၇-၂၀၀၈တွင် ဧက ၄၀၀၀၀ လျာထားခဲ့ရာ ၂၄၄၄၈ဧကေ စိုက်ပျိုး ပြီးစီးနေပြီဖြစ်ကြောင်း။

### ဦးစားပေးပြင်ဆင်

ဆီအုန်းဧက ငါးသိန်းပြည့်မီရေး၊ ရော်ဘာဧက နှစ်သိန်းပြည့်မီရေးအတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေထွက်ပစ္စည်း တင်ပို့မှုကိုလည်း ရည်မှန်းချက်များ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကို ဦးစားပေး ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြပြီး Computer Lab၊ Computer Aided (Audio) ခန်းများကို လည်းကောင်း၊ မြိတ်တက္ကသိုလ်သို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းထားသော Computerများ၊ Training Center Room များ၌ တပ်ဆင်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်၏အဏ္ဏဝါသိပ္ပံပြခန်း(Marine Museum)၊ တက္ကသိုလ်၏စာသင်ခန်းများဖွဲ့စည်းထားရှိမှုနှင့် တက္ကသိုလ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မြိတ်တက္ကသိုလ်တွင် ဘာသာရပ် ၁၃မျိုး သင်ကြားပို့ချပေးလျက်ရှိပြီး နေ့ကျောင်းသား၂၅၃၄ဦးနှင့် အဝေးသင် ကျောင်းသား ကျောင်းသူ ၂၆၀၆ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၁၄၀တို့ကို ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း ဓမ္မဝိဟာရလမ်း ၃လွှာ အမှတ်(၂၃)နေ ဦးခင်မောင်စိုး-ဒေါ်ခင်ဝါဝါ၊ သမီး ခင်ဆုဆုသော်(ခ) နန္ဒာချစ်ချစ်၊ ဆုကေဇင်(ခ)ဂျင်ဂျင်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# သဲဖြူနှင့် မဒန်းရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း တိုင်းမှူးဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

**နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၃၀ရက် နံနက် ၉နာရီက နေပြည်တော်လယ်ဝေး ရေပြာရိုးကျေးရွာအနီးရှိ သဲဖြူရေလှောင်တမံသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆည်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။**

သဲဖြူရေလှောင်တမံသည် သဲဖြူ ချောင်းပေါ်၌ တည်ရှိပြီး ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ကာ ၂၀၀၄-၂၀၀၅ခုနှစ်တွင် စီမံကိန်းပြီးစီးခဲ့သဖြင့် ယခုလက်ရှိ ဆည်ရေသောက်ဧရိယာ ဧက၁၂၀၀ကို ရေပေးဝေလျက်ရှိသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မဒန်းရေလှောင်တမံတည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်သန်းက ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဒန်းရေလှောင်တမံ၏ ရေပိုလွှဲ နှင့်ရေထိန်းမျှော်စင်တည်ဆောက်နေမှုနှင့် ရေတားတမံမြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

### ဖြန့်ဖြူးပေးနိုင်မည်

မဒန်းရေလှောင်တမံသည် နေပြည်တော် လယ်ဝေး၏ အနောက်တောင်ဘက် ၄၂ မိုင်ခန့်အကွာ နန္ဒင်းကျေးရွာအနီး မဒန်းချောင်းပေါ်၌ တည်ရှိပြီး ၂၀၀၃-၂၀၀၄ခုနှစ်တွင် စတင်တည်ဆောက်ကာ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ စီမံကိန်းတည်ဆောက်ပြီးစီးပါက ရေသောက်လယ်မြေဧရိယာ ဧက၈၀၀၀နှင့် နယ်မြေခံလူထုအတွက် လျှပ်စစ်ဓာတ်အား၂၅ကီလိုဝပ် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

### ပစ္စည်းများပေးအပ်

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လမ်းတစ်လျှောက်ရှိ ချောင်းခွ၊ ရွာသစ်၊ ပဒေသာကျေးရွာများ၌ အောင်မြင် ဖြစ်ထွန်းနေသော မြေပဲခင်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ ကျေးရွာသူ ကျေးရွာသားများအတွက် အစားအစာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း၊ ကျေးရွာဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားအတွက်နဝကမ္မအလှူငွေကျပ် နှစ်သိန်းနှင့်သင်္ကန်းများ လှူဒါန်းခြင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကံထူးရှင်ပေါ်ထွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ၏ (၂၂၉)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများ စာရင်းမှာ အောက်ပါ အတိုင်းဖြစ်သည်။

**ကျပ်သိန်း(၅၀၀)**

ထ-၇၄၄၁၆၃

**ကျပ်သိန်း(၃၀၀)ဆုများ**

တ-၂၀၂၇၉ ဆ-၅၄၃၅၇၃

**ကျပ်သိန်း(၂၀၀)ဆုများ**

ဖ-၆၄၀၃၂၃ ၀-၄၄၃၄၃၉
တ-၁၂၈၅၃၁ ဎ-၃၈၇၄၅၆

**ကျပ်သိန်း(၁၀၀)ဆုများ**

ပ-၄၉၈၀၃၁ ဟ-၅၆၄၆၄၃
ဒ-၇၅၈၅၉၃ ယ-၃၂၀၈၀၇
တ-၄၇၀၅၁၄ အ-၆၄၂၆၀၀
ဃ-၇၁၁၈၃၂ ဇ-၅၀၇၅၃၅
ဟ-၄၄၅၃၆၆ ဠ-၂၇၆၄၈၈
က-၉၉၉၆၁၅ တ-၇၁၆၁၉၈
ဇ-၁၂၄၀၃၁ န-၉၀၂၁၇၈
ဏ-၂၃၀၇၂၆ အ-၃၂၇၅၃၁
တ-၅၀၁၈၀၀ ဋ-၁၁၃၂၇၀၆

**ကျပ်သိန်း(၁၀၀)**
**(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ**

ဘ-၂၄၁၂၂၄ ဟ-၈၆၃၈၅၉
ရ-၅၂၆၅၇၉ ဘ-၃၄၇၅၆၂
ည-၅၈၉၂၄၆ ပ-၅၈၈၅၇၃
ဍ-၄၅၁၈၆၇ ယ-၂၇၆၉၇၀
ပ-၇၇၀၇၁၇ ခ-၄၆၀၉၄၈
ဎ-၉၀၈၈၄၃ ဏ-၅၁၈၂၆၃
ဝ-၉၆၄၁၃၅ ဟ-၂၃၆၁၉၁
င-၉၉၈၆၀၅ ည-၉၄၄၃၅၈
ရ-၃၇၉၉၄၅

## (၆၄)ကြိမ်မြောက် အမျိုးသမီးပရိယတ္တိ အာဂုံစာပြန်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း အလယ်တောရကျောင်းတိုက်အတွင်းရှိ သမိဒ္ဒေါဒယ မော်လမြိုင်သီလရှင်စာသင်တိုက်တွင် နှစ်စဉ်ကျင်းပလျက်ရှိသော (၆၄)ကြိမ်မြောက် ရန်ကုန်တိုင်းလုံးဆိုင်ရာ အမျိုးသမီး ပရိယတ္တိ အာဂုံစာပြန်ပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပရာ သီလရှင်များနှင့် လူပုဂ္ဂိုလ် အမျိုးသမီးများ စုစုပေါင်း ၄၀၀ ကျော် ဝင်ရောက်ပြန်ဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**

ပြန်ဆို အောင်မြင်သူများအား ဖေဖော်ဝါရီ ၂ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အောင်လက်မှတ်နှင့် တကွ ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မှော်ဘီ လက်ပံတန်းစုရွာ ကြည်အေးကျောင်း သာသနိက အဆောက်အအုံများ ရေစက်ချမင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ ကြည်အေးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးအတွင်း၌ ဆောက်လုပ်ပြီးစီးလျက်ရှိသော သိမ်၊ ကျောင်း၊ ဆွမ်းစားကျောင်း၊ ယောဂီဆောင်များနှင့် မုခ်ဦးအပါအဝင်သာသနိက အဆောက်အအုံများကို တပေါင်းလပြည့် မတ်၂၁ရက်(သောကြာနေ့)တွင် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ၍ မတ်၁၅ရက်မှ ၂၁ရက်အထိ စတုဒိသာကျွေးမွေးမည်ဖြစ်ရာ အလှူရှင် ဒါယကာဒါယိကာမများ ကြွရောက်ကြည်ညို ကုသိုလ်သဒ္ဓါပွားများကြပါရန်နှင့် ဖုန်း-၀၉-၅၀-၁၁၅၁၄၊ ၀၉-၅၁-၀၅၀၅၉နှင့် ၇၀၅၇၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## သန်လျင် အထက(၄) အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

သန်လျင်မြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက်၉နာရီတွင် ကျောင်းခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဆရာမဒေါ်တီဝင်းနှင့်ဆရာမဒေါ်စန်းစန်းဦး၊ ဦးမြင့်ထွန်း၊ ဦးလှမော် (မဟာသီစတိုး-မြို့မဈေး-သန်လျင်) ဖုန်း-၀၉-၅၀-၃၄၁၆၄နှင့်ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များထံ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်ကိုယ်ပွား ပြည်လုံးချမ်းသာရွှေစေတီ ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ်သိန်း၃၀ကို ဦးသိန်းအောင်-ဒေါ်အေးမြင့် (တော်ဝင်အောင်ကုမ္ပဏီ) အမှတ်(၉) မြောင်းမြလမ်း စမ်းချောင်း မိသားစုက ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးကျော်မင်း(အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ)နှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့ထံ ပေးအပ်လှူဒါန်းစဉ်။** (၁၇၀)

## သဲအင်းဂူ ခုနစ်ရက်တရားစခန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာတရားတော်များကို ဖေဖော်ဝါရီ၉ရက်မှ ၁၆ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

### နှိုးဆော်ထား

တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့က အခမဲ့အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖေဖော်ဝါရီ ၈ရက် ညနေအရောက် ကြွရောက်ကြရန် နှိုးဆော်ထားသည်။

**(က-ပ)**

2-2 (11) 1 2/2/08, 2:16 AM

# ပခုက္ကူမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်အုန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့နှင့်အတူ ဇန်နဝါရီ ၂၂ရက် နံနက် ၈နာရီက ပခုက္ကူမြို့ ရဲတံခွန်ခန်းမ၌ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပခုက္ကူတပ်နယ်ရှိ မိသားစုဝင်များ၏ ဆယ်မျိုးဆယ်ပေါင် စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ခင်ဇော်က အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းကာ အကျင့်စာရိတ္တကောင်းသည့် လူငယ်လူရွယ်များ ပေါ်ထွန်းရေးနှင့် နိုင်ငံတော်အတွက် အကျိုးပြုမည့် ပညာတတ်လူငယ်များ ပေါ်ထွန်းရေးတို့အတွက် စေတနာထားသင်ကြားပေးရန် မှာကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းသည်။

## ထောက်ပံ့ငွေပေးအပ်

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေး **(အပေါ်ယာပုံ)** က ထောက်ပံ့ငွေများကို ပေးအပ်သည်။

## သီးထပ်သီးညှပ်

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ဗိုလ်ချုပ်ခင်ဇော်က စပါးစိုက်ပျိုးရာတွင် ဒေသဝမ်းစာဖူလုံမှု ပိုမိုတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲကြရန်၊ ပခုက္ကူခရိုင်တွင် လျှပ်စစ် မြစ်ရေတင်စီမံကိန်းများရှိရာ လယ်မြေများတွင် သီးထပ်သီးညှပ်စိုက်ပျိုးကြရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ပခုက္ကူခရိုင်အတွင်း မိုးစပါးနှင့်နွေစပါး စုစုပေါင်း ၉၉၀၄၃ဧက စိုက်ပျိုးနိုင်ပြီး ခြံစည်းရိုးကြက်ဆူ ဧက ၁၃၅၆၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

## စိုက်ပျိုးရေပေးဝေ

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီမြစ်မှ ရေအရင်းအမြစ်ရယူကာ ပခုက္ကူမြို့နယ် စက်မှုဇုန်နှင့် လေယာဉ်ကွင်းပတ်ဝန်းကျင်ဒေသရှိ ဧက၅၀၀၀ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့နယ် ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင် နွေစပါး ဧက၁၅၀ စပေါင်းပျိုးခင်း၌ ရွှေမြန်မာစပါးမျိုး ကြဲပက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် ပခုက္ကူစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်မှ ထုတ်လုပ်ထားသည့် မော်တော်ဆိုင်ကယ်များ၊ မော်တော်ကားများ၊ စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ကြံခင်း-ပခုက္ကူရထားလမ်းသစ်ဖောက်လုပ်နေမှုနှင့် ပခုက္ကူတက္ကသိုလ်အနီး ဘူတာရုံ တည်ဆောက်သည့် နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဌသင်္ဂါယနာ သာသနာ သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့နေ ဦးတင်လတ်-ဒေါ်မာလာမြင့် (ငွေကျားတိုက် လျှပ်စစ်ပစ္စည်းနှင့် မီးပန်းအရောင်းဆိုင်) မိသားစုက အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဂေါပက အဖွဲ့ဝင်များဖြစ်ကြသော ဦးစောကြိုင်၊ ဦးခင်မောင်အေးနှင့် ဦးတင်ဦးတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

# ကိုးထပ်ကြီးဘုရားဗုဒ္ဓပူဇနိယပွဲတော်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း မြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိ မဟာမုနိ သကျကိုးထပ်ကြီးဘုရား (၁၀၃)နှစ်ပြည့်နှင့် (၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို ဖေဖော်ဝါရီ၅ရက်မှ ၁၇ရက်အထိ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသွားမည် ဖြစ်သည်။ ဖေဖော်ဝါရီ၅ရက် နံနက်အရုဏ်မှစ၍ ၁၇ရက်အထိ ၁၃ရက်တိုင် ဆွမ်းပွဲ၊ သစ်သီးပွဲ၊ မုန့်ပွဲများနှင့်အတူ မျက်နှာသစ်တော်ရေ၊ သောက်တော်ရေတို့ကို နေ့စဉ် အချိန်မှန် အဆက်မပြတ် ဆက်ကပ်တင်လှူကြမည်ဖြစ်သည်။

ဖွင့်ပွဲအစနေ့တွင် ဓမ္မပူဇာတရားပွဲများကို အာရုံခံတန်ဆောင်းကြီးတွင် ညစဉ်၇နာရီမှစ၍ ဟောကြားမည်ဖြစ်ရာ ဖေဖော်ဝါရီ၅ရက်တွင် ဆရာတော် ဦးစရိယ (နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်) သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ဂန္ထကာရက အောင်မင်္ဂလာကျားကျောင်း၊ ၆ရက်တွင် ဒေါက်တာ အရှင်ကုမာရာ ဘိဝံသအဂ္ဂမဟာပဏ္ဍိတ ဒုတိယပါမောက္ခချုပ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ၇ရက်တွင် အောင်မြေ အရှင်မာဃိန္ဒ ဓမ္မာစရိယနယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အလုံမြို့နယ်၊ ၈ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ သာသနဓဇဓမ္မာစရိယ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာ သနာပြုတက္ကသိုလ်၊ ၉ရက်တွင် အရှင်ပညာသီဟ (ရွှေညဝါဆရာတော်) ဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မကထိက ရွှေညဝါဆရာဖြစ်သင်တန်းကြီးနှင့် ရန်ကုန် ဗုဒ္ဓတက္ကသိုလ်တို့၏ ပဓာနတာဝန်ခံ အကျိုးတော်ဆောင်ချုပ်တို့က ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

## အရှင်သုမန(ပခုက္ကူ) တရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရွှေပြည်သာမြို့နယ် ၆ /၁၀ မဲခေါင်လမ်း အောင်သော်တာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာမှ နယ်လှည့်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အရှင်သုမန (ပခုက္ကူ) သည် ဖေဖော်ဝါရီ၆ရက်မှ ၁၃ရက်အထိ ဝေါမြို့နယ် ထိန်တစ်ပင် ကျေးရွာ၊ ၁၅ရက်မှ ၂၂ရက်အထိ မအူပင်မြို့နယ် ဝဲဒေါင့်ရွာ၊ ၂၃ရက်မှမတ် ၁ရက်အထိ မအူပင်မြို့နယ် သဲဖြူရွာ၊ ၆ရက်မှ ၁၃ရက်အထိ ကွမ်းခြံကုန်း မြို့နယ် သောင်ခုံရွာ၊ ၁၇ရက်မှ ၂၂ရက် အထိ ပခုက္ကူမြို့နယ် ညောင်ပင်လှ ကျောင်းစုဣဿယ ဓမ္မရိပ်သာ၊ ၂၆ရက်မှ ဧပြီ ၂ရက် အထိ ပဲခူးတိုင်း ဓိုးကုန်းမြို့နယ် စံပါယ်မြောင်ကျေးရွာ၊ ၃ရက်မှ ၁၀ရက်အထိ အဖျောက်မြို့ မြို့ဦး သာသနာ့ရိပ်သာ၊ ၁၁ရက်မှ ၁၇ ရက်အထိ သင်္ကြန် တရားစခန်းပွဲ ရွှေပြည်သာမြို့ အောင်သော်တာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတို့၌ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၆၁၀၅၀၀၊ ၀၉-၅၀-၃၉၁၈၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(က-ပ)**

**ဟသ်ာတအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ရက်က ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၄၅လမ်း ဟသ်ာတအသင်းတိုက်တွင် ကျင်းပရာ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ဟသ်ာတမျိုးဆက်သစ် ကျောင်းသူတစ်ဦးအား အသင်းအကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်အေးက ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။** (က-ပ)

# လူသတ်ပြီး ပစ္စည်းယူသူ တရားခံအား ဖော်ထုတ် ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ခရမ်းမြို့နယ် လှဘီလူးကျေးရွာနေ ဦးဘိုမင်းကို-ဒေါ်သန်းစုနိုင်တို့၏ သမီးဖြစ်သူ အသက်(၄)နှစ်အရွယ်ရှိ မဇွန်ပိုးအိသည် ဇန်နဝါရီ၂၇ရက် နံနက်၁၀နာရီခွဲက လှဘီလူး ကျေးရွာတောင်ဖျားရှိ ကျောင်းကပ္ပိယဇာတ်တိုက်ရာသို့ သွားကြည့်ရာမှ ပြန်မလာပျောက်ဆုံးနေ၍ လိုက်လံရှာဖွေရာ ည၇နာရီခန့်တွင် လှဘီလူးကျေးရွာ ရွာလယ်ပိုင်းရှိ လူမနေသည့် စံရွှေမြင့်ခြံအတွင်းရှိ ကပ်စေးနဲ့ပင် ချုံပုတ်ထဲတွင်သေဆုံးနေကြောင်းတွေ့ရှိရပြီး နားတွင် ဝတ်ဆင်ထားသည့် ရွှေနားကွင်းတစ်ရံ တန်ဖိုးငွေကျပ် ၄၀၀၀၀ မှာလည်း ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် သေဆုံးသူမဇွန်ပိုးအိ၏ အဘိုးဖြစ်သူ ဦးကြင်လှိုင်က ခရမ်းရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ခရမ်းရဲစခန်းမှ စခန်းမှူးရဲအုပ်ကျော်သိန်းနှင့် အဖွဲ့ဝင်များသည် တရားခံဖမ်းဆီးရမိရေးအတွက် စစ်ဆေးဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံ ပြည့်ဖြိုးအောင်၊ လှဘီလူးကျေးရွာ ခရမ်းမြို့နယ်နေသူအား ဇန်နဝါရီ ၂၈ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ဖမ်းဆီးနိုင်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ၏ ထွက်ဆိုချက်အရ သေဆုံးသူ မဇွန်ပိုးအိထံမှ ဖြုတ်ယူခဲ့သည့် ရွှေနားကွင်းအား ၎င်းနေထိုင်သည့် တဲ၏ သက်ကယ်ပစ်များကြားမှ ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။ တရားခံ ပြည့်ဖြိုးအောင်အား ခရမ်းရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၃၉၂ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့အလင်း မှုခင်းသတင်း

### မော်တော်ဆိုင်ကယ်က ဆိုက်ကားကိုဝင်တိုက် ဆိုက်ကားနင်းသူ သေဆုံးရ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက် ယမုံနာလမ်းမရှိ အခွန်လွတ်ဈေးအနီး လမ်းပေါ်၌ ဇန်နဝါရီ ၂၉ရက် ည၇နာရီခွဲခန့်က အောင်အောင် အသက်(၂၇နှစ်) (ဘ)ဦးတိုး ရန်ပြေအရှေ့ ၂၁လမ်း ၃/ရန်ပြေရပ်ကွက် သာကေတမြို့နယ် မောင်းနှင်လာသော ကမ်ဘို-၁၁၀အမျိုးအစား အစိမ်းရောင် မော်တော်ဆိုင်ကယ်က ဦးသိန်းဌေး အသက်(၄၃နှစ်)(ဘ)ဦးသန်းစိန် အောင်သစ္စာ၄လမ်း ၄/တောင်ရပ်ကွက် သာကေတမြို့နယ် နင်းလာသည့် ဆိုက်ကားအားတိုက်မိခဲ့ရာ ဦးသိန်းဌေးမှာ ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာ၊ နှာခေါင်း၊ ပါးစပ်နှင့် ယာဘက်နား သွေးထွက်ဒဏ်ရာများ ရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အောင်အောင်အား ယာဉ်မှုစစ်မှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က အရ အမှုဖွင့်အရေးယူထားသည်။ **(သတင်းစဉ်)**

### မီးပူပလပ်မဖြုတ်မိရာမှ မီးလောင်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် ၉၈လမ်းနေ ဦးမောင်မောင်(ခ) မော်လနာဟူစိန် (၃၅နှစ်)(ဘ)ဦးဟာရွတ်(ခ)မောင်တင်၏အခန်းတွင် ဇန်နဝါရီ ၃၀ရက် ညနေ ၅နာရီမိနစ် ၅၀ခန့်က မီးပျက်ချိန်၌ မီးပူကိုပလပ်ထိုးထားခဲ့ရာမှ မီးလာပြီးနောက် အပူရှိန်မြင့်ပြီး တိုက်ခန်းအတွင်းမီးစတင်လောင်ကျွမ်းခဲ့ရာ ကပ်လျက်ရှိ အခန်းနှစ်ခန်းကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မင်္ဂလာတောင်ညွန့် ရဲစခန်းမှ ဦးမောင်မောင်(ခ)မော်လနာဟူစိန်အားပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၆အရ အမှုဖွင့်အရေးယူထားသည်။ **(သတင်းစဉ်)**

### တရားမဝင် ဗွီစီဒီကူးယူဖြန့်ချိသူများ အရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မင်္ဂလာဒုံမြို့နယ် ရဲစခန်းမှ ဒုရဲအုပ်တင်မောင်ဝင်းနှင့်အဖွဲ့သည် သတင်းအရ ဇန်နဝါရီ ၂၉ရက် ည၈နာရီခွဲခန့်က သက်သေများနှင့်အတူ အမှတ်(၂၀)စံပြရပ်ကွက် ဩဘာလမ်းနေ သန်းတင် (၃၀နှစ်)(ဘ) ဦးရွှေပိုင် ပန်းနုရောင်တိပ်ခွေ ဖြန့်ချိရေးလုပ်ငန်းလုပ်ကိုင်သူ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင်ခိုးကူးထားသည့် ဗွီစီဒီချပ်များတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး ဆက်လက်ဖော်ထုတ်ချက်အရ ပျဉ်းမပင်ကျေးရွာ ဗိုလ်ခြံလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်း ဝန်ထမ်းလိုင်းနေ ဦးလှဝင်း (ကျွမ်းကျင်-၄)၏ နေအိမ်အနောက်ဘက်တွင် တစ်လလျှင်ငွေကျပ်၅၀၀၀ဖြင့် အခန်းငှားရမ်း၍ တရားမဝင်ခွေများ ကူးယူလျက်ရှိသော မျိုးအောင်(၂၇နှစ်) အမှတ်(၉၅) ဦးဘိုပုလမ်း ဘောလုံးရပ်ကွက် ထောက်ကြန့် မင်္ဂလာဒုံမြို့နယ်ထံမှကွန်ပျူတာနှစ်လုံး၊ ဗွီစီဒီကူးယူသည့် ဆက်စပ် ပစ္စည်းမျိုးစုံ၊ တရားမဝင်ကူးထားသည့် တရားဗွီစီဒီချပ် ၃၀နှင့် သီချင်းမျိုးစုံ ချပ်၁၃၅၀၊ စီဒီချပ်၅၀ပါ အထုပ်၂၀တို့ကို သိမ်းဆည်းရမိသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ထောက်ကြန့်ရဲစခန်းက ဦးသန်းတင်နှင့် ဦးမျိုးအောင်တို့အား မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာ ဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား (၁၀၃) နှစ်ပြည့် (၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၅ရက်က သန္တိသုခ ဓမ္မာရုံကြီးတွင် ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒ ခံယူတော်မူစဉ်။ (၁၀၃)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၃ ရပ်ကွက် အမှတ် ၁၂၁/၃၄ လမ်းနေ ဦးမြင့်စိုး (၅၇) နှစ်ပြည့် မွေးနေ့၊ ဒေါ် မြင့် ကြည် နှစ် (၅၀)ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## စင်ကာပူ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များကို လာရောက်လေ့လာခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁

စင်ကာပူသမ္မတနိုင်ငံ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာတော်မီကို ဦးဆောင်သည့် အဖွဲ့ဝင် ၂၁ဦးပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းလိုက်ပါလျက် ဇန်နဝါရီ ၂၆ရက် နံနက်၁၁နာရီက ရွှေတိဂုံစေတီတော် မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများလှူဒါန်းကြသည်။ ထို့နောက် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ၂နာရီတွင် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)သို့ သွားရောက်လေ့လာရာ ပါမောက္ခချုပ် ဦးတင်စိုးနှင့်တာဝန်ရှိသူများကကြိုဆို၍ ယဉ်ကျေးမှုတက္ကသိုလ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြသကြပြီး သင်ကြားရေးဆိုင်ရာဘာသာရပ်များနှင့် ပတ်သက်၍ သရုပ်ပြတင်ဆက်ကြသည်။

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဘုတ်အဖွဲ့မှ အရာရှိကြီးများသည် ညနေ ၃နာရီခွဲတွင် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာန၊ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့မှ အရာရှိကြီးများနှင့် တွေ့ဆုံပြီး **(အပေါ်ပုံ)** နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးနှင့်ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ဆွေးနွေးပွဲအပြီးတွင်ညွှန်ကြားရေးမှူးချုပ်ဦးစန်းဝင်းက စင်ကာပူသမ္မတနိုင်ငံယဉ်ကျေးမှု လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား အင်းလျားလမ်းရှိ စိမ်းလန်းစိုပြေ ဥယျာဉ်စားသောက်ဆိုင်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ စင်ကာပူသမ္မတနိုင်ငံ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ၂၁ရက်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး အမျိုးသားပြတိုက်ကို လေ့လာကြည့်ရှုကြသည်။ ဇန်နဝါရီ ၂၃ရက်တွင် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်ကြီးနှင့် ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်၊ ရွှေကျောင်း၊ အတုမရှိကျောင်း၊ ရွှေချည်ထိုးလုပ်ငန်း၊ ပိုးရာကျော်လွန်း ချိတ်လုပ်ငန်းများကို လေ့လာကြည့်ရှုကာ မဟာမုနိဘုရားကြီး၊ မန္တလေးတောင်များသို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။ ဇန်နဝါရီ၂၄ရက်နှင့်၂၅ရက်တို့တွင် ပုဂံမြို့ရှိအာနန္ဒာ၊သဗ္ဗညု၊ဓမ္မရံကြီး၊ ရွှေစည်းခုံစေတီတော်စသည့် ဘုရားပုထိုးများကို ဖူးမြော်ကြည်ညို၍ ပုဂံနန်းတော်ရာ တူးဖော်မှု၊ ပုဂံရှေးဟောင်း သုတေသန ပြတိုက်၊ ယွန်းသိပ္ပံကျောင်းနှင့် ယွန်းထည်လုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။ ဇန်နဝါရီ ၂၆ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ယင်းကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၇ရက်တွင် ရန်ကုန်မြို့ရှိ ကျောက်မျက်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ညနေပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စိတ္တဝိဝေက ကျောင်းတော်ကြီး အုတ်မြစ်စီ မင်္ဂလာ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူ ဓမ္မရိပ်သာတွင် စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန် ရတနာ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၂ရက် နံနက် ၁၀နာရီ ၅မိနစ်က ကျင်းပသည်။

ရှေးဦးစွာ ရတနာမဥ္ဇူဓမ္မရိပ်သာ ကျောင်းဆရာတော် အရှင်ဇေယျနန္ဒ(ပုဂံ)နှင့် သံဃာတော်များ၊ ကျောင်းမတည် အလှူရှင် သမိုင်း(၂)ရပ်ကွက် ဘောဂသိဒ္ဓိလမ်းနေ ဦးမောင်မောင်ကြည်နှင့်မိသားစု၊ ကျောင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ အလှူရှင်များ၊ ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဆရာတော်နှင့် အလှူရှင်များ၊ ဧည့်သည်တော်တို့က သတ်မှတ်နေရာ အသီးသီးတွင် အုတ်မြစ်တော်များ စီပေးကြကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး(ဝဲပုံ) အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (က-ပ)

## ဆီအော့ကျေးရွာမိဘမဲ့ကလေးများကျောင်းသို့ အလှူငွေပေးအပ်

**လောက်ကိုင် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် ဆီအော့ကျေးရွာရှိ မိဘမဲ့ကလေးများကျောင်းအတွက် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက ယင်းကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အလှူငွေပေးအပ်လှူဒါန်း**

အခမ်းအနားတွင် လောက်ကိုင်ခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း လှူဒါန်းသည့် ငွေကျပ် ၁၅၄၅၀၀ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူတို့က ကျောင်းအုပ်ချုပ်သည့် တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

## နှီးဘုရားကြီး ရွှေသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပုသိမ်မြို့ မဟာဝိသုဒ္ဓါရာမ မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၌ ကိန်းဝပ်စံပယ်လျက်ရှိသော အောင်မြေအေးချမ်း ပြည့်ဝချမ်းသာ နှီးဘုရားကြီးအား (၁၃၆၉ခုနှစ် တပေါင်းလဆန်း၁ရက်) မတ် ၇ရက် (သောကြာနေ့)မှစ၍ ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ သူတော်စင်များ လာရောက်ကြည်ညို သာသနာပြုလှူဒါန်းပူဇော်နိုင်ကြပါရန်နှင့် ပဓာနနာယက ဆရာတော် ဖုန်း-၂၅၁၆၁၊ ၀၉-၅၂-၀၀၂၉၇၊ တိုက်အုပ်ဆရာတော် ဖုန်း-၂၅၃၈၀၊ တိုက်ကြပ်ဆရာတော် ဖုန်း-၀၉-၅၂-၀၁၈၈၂၊ ဦးစိုင်း(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၂-၀၁၃၃၂၊ ဦးတင်ရွှေ(အတွင်းရေးမှူး) ဖုန်း-၀၉-၅၂-၀၁၁၃၀နှင့် ဦးစိုးဝင်း (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၂-၀၁၂၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဆုချီးမြှင့်

ဇန်နဝါရီ၂၆ရက်က တောင်ဥက္ကလာပမြို့နယ် အမက(၁၂)၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ပထမတန်းမှ ပထမဆုရ မအေးနန္ဒာလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်မာက ဆုချီးမြှင့်စဉ်။ (က-ပ)

၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ၁၂ရက်က ကျင်းပရာ လှိုင်သာယာ မြို့နယ် အမှတ် (၁၈) အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးနိုင်ဟိတ်က ဒုတိယတန်းမှ ပထမဆုရ မမေသဇင်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

## ကလေးဆေးကုဆောင်အတွက် ငွေကျပ်တစ်သိန်းခွဲကျော်တန် အောက်ဆီဂျင်ဘူးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်း အလုံမြို့နယ် ဆင်လုလမ်း အမှတ်၁၇နေ ဒေါက်တာ အယ်နီဝင်းက မိခင်ကြီးဒေါ်ကြူအားရည်စူး၍ မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး ကလေးဆေးကုဆောင်သို့ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော လူနာများအတွက် ငွေကျပ် ၁၅၅၀၀၀တန်ဖိုးရှိ အောက်ဆီဂျင်ဘူး ပေးအပ်လှူဒါန်းရာ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူဦးက လက်ခံယူပြီး ဂုဏ်ပြုစကား ပြောကြားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီး အတွက် ဖခင်ကြီး ဦးတင်ဝင်း(ခ)Wal Ter အား ရည်စူး၍ မင်္ဂလာ တောင်ညွန့်မြို့နယ် ကျိုက်ဝိုင်း(?) ... ဒေါ်ခင်စန်းမြင့်၊ သား မောင်ဇော်ဝင်းသိန်း(ခ)ဇော်ဇော်၊ သမီး မခိုင်ခင်ထွန်း တို့က အလှူငွေကျပ် ၁၀သိန်းကို မိုးညှင်းအရှင်ဣန္ဒက(ရွှေဘို)ထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

## စဥ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း စုံညီပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

စဥ့်ကူး ဇန်နဝါရီ ၁၂

**ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်၊ အလှူငွေပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၃ ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ ပညာရေးစုံညီပွဲတော် အခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ် ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး တို့က ဖဲကြိုးဖြတ်ပေးပြီး ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်း သီချင်းသီဆို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခြေခံပညာ အထက် တန်းကျောင်းမှုခ်ဦး ဆောက်လုပ်ရန် အတွက် စဥ့်ကူးမြို့ အမှတ်(၁)ရပ်ကွက်မှ အလှူရှင် ဦးဖိုလ်ချုပ်-ဒေါ်ချောစုလှိုင် မိသားစုက အလှူငွေကျပ် ၂၈ သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဦး သို့ ပေးအပ်သည်။ ဆက်လက်၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအားမြို့နယ် ဥက္ကဋ္ဌ၊မြို့နယ်မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ် ပညာ ရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ကြ သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တန်း ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများ သောက်သုံးရေသန့်ရရှိ ရန်အတွက် အုတ်ရေလှောင်ကန်ဆောက် လုပ်ရန် အလှူငွေကျပ် ၁၀ သိန်းကို ကျောက်တန်းမြို့အလယ်ပိုင်းရပ်ကွက် ကုန်သည်လမ်းနေ ဦးအာလူး-ဒေါ်စော ကြူ မိသားစုက ဇန်နဝါရီ ၁၂ ရက်တွင် ပေးအပ်လှူဒါန်းရာ ကျောက်တန်းဘိုးဘွား ရိပ်သာ စောင့်ရှောက်ရေး ကြီးကြပ်မှု အဖွဲ့ ဒုတိယ ဥက္ကဋ္ဌဦးချစ်ရွှေက လက်ခံ ယူစဉ်။ (၁၁၅)

## ဖြူးမြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၁၂၇) (၉၆) ကြိမ်မြောက် အထူးတရားစခန်းပွဲ

ဖြူး ဇန်နဝါရီ ၂၀

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့ နယ် ၂၁ လမ်း ဘူတာတောင်ရပ်ကွက် ဖြူးမြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ အမှတ်(၁၂၇)အတွင်း(၉၆)ကြိမ်မြောက် အထူးတရားစခန်းပွဲကို ၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်မှ ၉ ရက် (ဖေဖော်ဝါရီ၂၄ ရက်မှ မတ်၁ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကို ရန်ကုန် တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ရပ် အမှတ်(၃)လမ်းမနှင့် နွယ်ခွေလမ်းရှိ မဟာစန္ဒာရုံ ဝိပဿနာရိပ်သာကျောင်း တိုက်မှ အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ အရှင်စန္ဒသိရီ(ရေကြည်)က ကျေးဇူး တော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို လာရောက် တရားအားထုတ် နာကြား နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ကရသူရီမြို့ အမှတ်(၂)လမ်း ကျောက်ချောခင်း

ကရသူရီ ဇန်နဝါရီ ၈

ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇ - ၂၀၀၈ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေ ဖြင့် ဆောင်ရွက်သည့် မြို့တွင်း အမှတ်(၂) လမ်းကျောက်ချောခင်း ခြင်း အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေကို ဒီဇင်ဘာ ၁၈ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး လွင် ကွင်းဆင်း ကြည့်ရှု စစ်ဆေးရာ မြို့တာဝန်ခံ ဦးအောင်အောင်မျိုးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရ သည်။ **(တိုင်းစည်ပင်)**

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ် ဇန်နဝါရီ ၂၂ ရက်က အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ဆောက်လုပ်မည့် မြေနေရာ၊ ကျောက်ကတ္တရာ စုဆောင်းထားရှိမှု၊ ဈေးသန့်ရှင်းရေးဆောင်ရွက်မှု၊ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ ခေတ္တအမှုဆောင် အရာရှိ ဦးအောင်လေးက ရှင်းလင်းတင်ပြစဉ်။ (၃၁၆)

ဦးကံညွန့်အားရည်စူး၍ အမှတ် ၃၂၊ ၁၆၆ လမ်း၊ တာမွေမြို့နယ်နေ ဒေါ်တင် အေးနှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းနှင့် ငွေကျပ်သုံးသောင်းတန်ဖိုးရှိ ဆေးမျိုးစုံတို့ကို လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (က-ပ)

ပုသိမ်ခရိုင် ကန်ကြီးထောင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ဇန်နဝါရီ ၁၉ ရက်က အဖွဲ့ ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်လျက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှု ပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် မီးသတ်ဦးစီးမှူး ဦးမင်းဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၀၈)

## ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ပညာပေးဟောပြော

နေပြည်တော်ပျဉ်းမနား ဇန်နဝါရီ ၂၅

နေပြည်တော်ပျဉ်းမနား ပညာရေးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေး ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ၁၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ပျဉ်းမနား ခုတင်(၂၀၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် ခရိုင်ပညာရေးမှူး ဦးလှထူးတို့က အမှာစကား ပြောကြား ကြပြီး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာ စိုးလွင်ငြိမ်းက ကြက်ငှက်တုပ်ကွေးရောဂါနှင့် လူတုပ်ကွေးရောဂါအကြောင်းတို့ကို အကျယ်တဝင့် ဟောပြောသည်။

ထို့နောက် တက်ရောက်လာသော ဆရာ၊ ဆရာမများ၏ မေးမြန်းချက် များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ **(၀၉၉)**

## မြို့နယ် သတင်းများ

## မီးဘေး ကာကွယ်ရေး အမှိုက်များ ရှင်းလင်း

**ကောလင်း ဇန်နဝါရီ ၂၂**

ကောလင်းမြို့နယ်ရှိ ကျေးရွာအုပ်စုများ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ဇန်နဝါရီ ၁၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်စခန်းမှူး ဦးဌေးမြင့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကိုကိုနှင့်အဖွဲ့သည် ကောလင်းမြို့နယ် ကျွန်းတောအုပ်စု အထက်သီဒရာကျေးရွာအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်း၊ ကောက်ရိုး၊ အမှိုက်သရိုက်များ ရှင်းလင်း ခြင်း၊ ရေတွင်းရေကန်တွင် ရေအားဖြည့်တင်းခြင်း၊ မီးချိတ်၊ မီးကတ်၊ ရေ၊ သဲများထားရှိခြင်းနှင့် လောင်စာဆီများ သိုလှောင် ခြင်းတို့ကို ကွင်းဆင်းစစ်ဆေး၍ ပညာပေးဟောပြောကြသည်။ **(၀၃၂)**


# VICTORIA Shopping Mall

ပြုံး ပြုံး ပျော် ပျော် ဈေး ဝယ် ဖို့ ဗစ် တိုး ရီး ယား ကုန် တိုက် သို့ သွား ကြ စို့ ....

## ဝါသနာရှင်သီချင်းဆိုပြိုင်ပွဲဆု

**ကျင်းပမည့်နေ့** - 24.2.2008 ရက် (Sunday)
**ကျင်းပမည့်အချိန်** - မွန်းတည့်(၁၂)နာရီ
**ကျင်းပမည့်နေရာ** - VICTORIA SHOPPING MALL
ရန်ကုန်-ပုသိမ် အမှတ်(၅)လမ်းမကြီး၊
နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်။
ဖုန်း - ၆၈၉၃၇၁၊ ၆၈၉၃၇၂

**ဂုဏ်ပြုဆု** - ပထမဆု(တစ်သိန်း)၊ ဒုတိယဆု(ငါးသောင်း)၊
တတိယဆု(သုံးသောင်း) နှင့် နှစ်သိမ့်ဆု (နှစ်သောင်း) ငါးဆု
**ဆက်သွယ်ရန်** - ပြိုင်ပွဲဝင်လိုသူများလျှောက်လွှာဖြည့်စွက်၍
VICTORIA SHOPPING MALL
တွင်ကြိုတင်အမည်စာရင်းပေးသွင်းထားပါရန်။

**ကန့်သတ်ဦးရေ** - ပြိုင်ပွဲဝင်(၁၀၀)သာ
လက်ခံမည်ဖြစ်ပါ၍ အမြန်
စာရင်းပေးသွင်းထားပါရန်။
**မှတ်ချက်** - ဂီတစာပေနယ်မှကျွမ်းကျင်ပုဂ္ဂိုလ်များ
ပါရမီရှင်များမှ အကဲဖြတ်စိစစ်ပေးမည်
ဖြစ်ပါသည်။

# ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

## မြိတ်တက္ကသိုလ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြိတ်တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံပြခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းက မြိတ်မြို့ စန္ဒဝတီကုန်းတော်၌ တည်ထားကိုးကွယ်သော မဟာသိဒ္ဓိဇယစေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုပြီးနောက် စေတီတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများအတွက် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

### တွေ့ဆုံမှာကြား

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ■

# အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့မှုစနစ်ပါရှိသည့် ဧလျင်စခန်းနှစ်ခုတည်ဆောက်မည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိခဲ့ကြောင်း ညွှန်/ချုပ် ဦးထွန်းလွင်ပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့နိုင်ငံနှင့် ဒေသအသီးသီးတို့၌ ရာသီဥတုပြောင်းလဲမှုများ ထူးထူးခြားခြား ဖြစ်ပေါ်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆူနာမိရေလှိုင်းများဖြစ်ပေါ်ခြင်း၊ ဆီးနှင်းများဆိုးရွားစွာကျရောက်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပေါ်လျက်ရှိသည်။

### စုပေါင်းဆွေးနွေး

ထိုသို့ ရာသီဥတုဖောက်ပြန်မှုများကြောင့် ကမ္ဘာ့ပြည်သူများ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရလျက်ရှိရာ ရာသီဥတုဆိုင်ရာကျွမ်းကျင်သူများ၊ သုတေသနပညာရှင်များလည်း မနားမနေ အလုပ်များလျက်ရှိပြီး စုပေါင်းဆွေးနွေးကြ၊ ဖြေရှင်းကြ၊ အကောင်အထည်ဖော်ကြနှင့် မအားလပ်အောင်ဖြစ်နေကြရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ●

**သတင်းဆောင်းပါး**
**မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံမှတ်တမ်း**
**သိန်းဝင်းလေး**
**(မြန်မာ့အလင်း)**

## သတင်းနှင့် ဆောင်းပါးအညွှန်း


❐ **မုန်းပင်စိုက် မုန်းမိုးရွာလေသောအခါ**
နိုင်ငံတကာမှုခင်း စာ – ၄

❐ **တရုတ်နိုင်ငံ၏ နှစ်၅၀အတွင်း မကြုံစဖူး ဆီးနှင်းကျရောက်မှု**
မောင်မောင်မြင့်ဆွေ၏ သတင်းအက်ဆေး စာ – ၆

❐ **ဘူကီနာဖာဆိုနိုင်ငံ**
တိုး၏ သတင်းအက်ဆေး စာ – ၇


★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ) များ မယုံလေနဲ့ သတိထား

2-2 (20) 1 2/2/08, 2:17 AM